MPG

UNAIDS
UNHCR UNICEF WFP UNDP UNFPA UNODC ILO UNESCO WHO WORLD BANK
JOINT UNITED NATIONS PROGRAMME ON HIV/AIDS

A global partnership:
International HIV/AIDS Alliance
Supporting community action on AIDS in developing countries

MMRD Research Services
Myanmar Marketing Research & Development Co., Ltd

Social insight


၁။ အကျဉ်းချုပ်
၂။ နောက်ခံအကြောင်းအရင်းနှင့် လေ့လာခြင်းနည်းစနစ်
၃။ ဖြေဆိုသူများ၏ ကိုယ်ရေးအချက်အလက်များ
၄။ ပြစ်တင်ရှုတ်ချခံရခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်း အတွေ့အကြုံများ
၅။ အလုပ်အကိုင်၊ကျန်းမာရေးနှင့်ပညာရေးအခွင့်အလမ်းများ
၆။ မိမိတစ်ဦးတည်းဖြစ်နေသောခံစားမှု
၇။ ရပိုင်ခွင့်များ၊ ဥပဒေနှင့် မူဝါဒများ
၈။ ပြောင်းလဲမှုအပေါ် အကျိုးသက်ရောက်မှု၊ အတားအဆီးများ၊ပြဿနာများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများမှ ကောက်နှုတ်ချက်များ
၉။ သွေးစစ်ခြင်းနှင့် ရောဂါရှာဖွေခြင်း
၁၀။ဖွင့်ဟအသိပေးခြင်းနှင့် လျှို့ဝှက်ချက်ကိုထိန်းသိမ်းခြင်း
၁၁။ဆေးကုသခြင်း
၁၂။ကလေးနှင့်ပတ်သက်သော အကြောင်းအရာ။


1/15/2010

## အဓိကလေ့လာတွေ့ရှိချက်များကိုတင်ပြခြင်း

# HIV ရောဂါပိုးရှိခြင်းကြောင့် ပြစ်တင်ရှုတ်ချခံရခြင်းဆိုင်ရာအညွှန်းကိန်း

မြန်မာ

MMRD Research Services

# HIV ရောဂါပိုးရှိခြင်းကြောင့် ပြစ်တင်ရှုတ်ချခံရခြင်းဆိုင်ရာအညွှန်းကိန်း

## မြန်မာ

### ၁။ အကျဉ်းချုပ်

ပြစ်တင်ရှုတ်ချခံရခြင်း အညွှန်းကိန်းနှင့်ပတ်သက်သော အချက်အလက်များကို လေ့လာဆန်းစစ်ရာတွင် HIV ပိုးဖြင့် အသက်ရှင်နေထိုင်ကြသူများကွန်ယက်(မြန်မာ) (MPG) စာရင်းအချက်အလက်ကောက်ယူသူများသည် ကျား/မ နှိုင်းယှဉ်ရန်အတွက် နမူနာကောက်ယူမည့် HIVရောဂါပိုးရှိသူများအား ကျား/မ အရေအတွက် အညီအမျှ သတ်မှတ်ပြီး အချက်အလက်များ ကောက်ယူခဲ့ပါသည်။ စာရင်းဇယားဖော်ပြရာ၌ အမျိုးသား ၁၆၆ ဦး (၄၉%)နှင့် အမျိုးသမီး ၁၅၈ ဦး (၅၁%)၊ စုစုပေါင်း(၃၂၄)ဦး ပါဝင်ကြောင်း တွေ့ရှိခဲ့ရသည်။ HIV ရောဂါပိုးရှိသူများ၏ ပြစ်တင်ရှုတ်ချခံရခြင်း အညွှန်းကိန်းဆန်းစစ်ခြင်းဖြစ် သည့်အတွက် ဖြေဆိုသူအားလုံးမှာ HIV ရောဂါပိုးရှိသူများဖြစ်သည်။

ဖြေဆိုသူအများစုသည် အသက် (၃၀)နှစ်မှ (၃၉)နှစ်အတွင်းရှိကြပြီး ဒုတိယအများဆုံးသည် အသက် ၂၅နှစ်မှ ၂၉နှစ်အတွင်း ရှိကြသည်။ သို့သော် အသက်(၁၅)နှစ်မှ (၁၉)နှစ်အတွင်းနှင့် အသက်(၅၀)နှစ်ကျော်သည့် ဖြေဆိုသူများကိုလည်း တွေ့ရှိခဲ့ရသည်။

ဖြေဆိုသူအားလုံး၏ ၇၀% နီးပါးက HIV ရောဂါပိုးရှိနေခြင်းကိုသိသည်မှာ ၁နှစ်မှ ၄နှစ်ရှိပြီဖြစ်ကြောင်း ဖြေကြားကြပြီး အချို့မှာ ၅နှစ်မှ ၉နှစ်ရှိပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ ဤလေ့လာမှုတွင် ပါဝင်သော ဖြေဆိုသူများထဲမှ ၁% သာ HIV ရောဂါပိုးရှိနေခြင်းကို သိသည်မှာ ၁၀နှစ်အထက်ရှိပြီဖြစ်ကြောင်း တွေ့ရှိခဲ့ရ သည်။

ဖြေဆိုသူများ၏ သုံးပုံ တစ်ပုံသည် လက်ရှိ တစ်အိမ်တည်းတွင် ဇနီး/ခင်ပွန်း သို့မဟုတ် လိင်ဆက်ဆံဖက်နှင့် အတူ နေထိုင်ကြပါသည်။ တစ်ကိုယ်တည်းနေထိုင်သူများတွင် အများစုမှာ ယောကျ်ားချင်း လိင်တူဆက်ဆံသူများ ဖြစ်ကြပြီး ၅၀% ကျော်ရှိကြောင်း တွေ့ရသည်။ ပြည့်တန်ဆာများတွင်မူ ၈% ခန့်သာ တစ်ကိုယ်တည်းနေထိုင်ကြပြီး ၄၀% ကျော်မှာ ယောကျ်ား သို့မဟုတ်လိင်ဆက်ဆံဖက်များနှင့်အတူနေထိုင်ကြသည်။မူးယစ်ဆေးဝါးသွေးကြောအတွင်းသို့ထိုးသွင်းသူများ၏ထက်ဝက်ခန့်မှာဇနီး/ခင်ပွန်း သို့မဟုတ် လိင်ဆက်ဆံဖက်များနှင့်အတူ နေထိုင်ကြကြောင်းတွေ့ရှိရသည်။

HIV ရောဂါပိုးရှိခြင်းကြောင့် ပြစ်တင်ရှုတ်ချခံရခြင်းဆိုင်ရာ အညွှန်းကိန်း နမူနာကောက်ယူရာတွင် ယောကျ်ားချင်း လိင်တူဆက်ဆံသူများ၊ ပြည့်တန်ဆာများ၊ မူးယစ်ဆေးဝါးသွေးကြောအတွင်းသို့ ထိုးသွင်းသူများနှင့် အခြား အုပ်စုဟူ၍ အုပ်စုအမျိုးအစား ခွဲခြားထားသကဲ့သို့ ကျား/မ၊ နေရာဒေသနှင့် အသက်ကိုမူတည်၍လည်း ခွဲခြား ထားပါသည်။

ဖြေဆိုသူအားလုံး၏ ၈၅% သည် လက်ရှိ လိင်ဆန္ဒရှိနေကြကြောင်း တွေ့ရှိခဲ့ရသည်။

ဖြေဆိုသူများ၏ ၂၆% သည် မြန်မာပြည်အနှံ့ သွားလာနေထိုင်လုပ်ကိုင်သော ရွှေ့ပြောင်းလုပ်သားများ ဖြစ်ကြ သည်။ ၂၃% မှာ ပြည့်တန်ဆာများဖြစ်ပြီး ၁၇% မှာ အကျဉ်းသားများဖြစ်ကြပါသည်။

ဖြေဆိုသူ ၈% ခန့်သာ တက္ကသိုလ်/ကောလိပ် အောင်မြင်ခဲ့သူများဖြစ်ပြီး အများစုမှာ အလယ်တန်း အောင်မြင် သူများဖြစ်သည်။ သို့ရာတွင် အမျိုးသမီးအများစုမှာ မူလတန်း အောင်မြင်သူများသာ ဖြစ်ကြသည်။

ဖြေဆိုသူများ၏ ပညာအရည်အချင်းမှာ နေရာဒေသကိုလိုက်၍ ပြောင်းလဲခြင်းမရှိဘဲ တူညီကြောင်း တွေ့ရှိရသည်။ သို့သော် မြို့ကြီးများ၌ နေထိုင်သူများသည် တက္ကသိုလ်/ကောလိပ် ဘွဲ့ရများပိုဖြစ်ကြောင်း တွေ့ရှိရသည်။

ဖြေဆိုသူများ၏ သုံးပုံတစ်ပုံခန့်သာ ကိုယ်ပိုင်အလုပ်ရှိကြပြီး လေးပုံတစ်ပုံခန့်မှာ အလုပ်လက်မဲ့ များဖြစ်ကြသည်။ အချိန်ပြည့်အလုပ်ရှိသူများမှာ ၁၃% သာ ရှိကြောင်းတွေ့ရှိရသည်။

ဖြေဆိုသူများ၏ ပျမ်းမျှ တစ်နှစ်ဝင်ငွေမှာ ၁,၃၈၀,၄၆၆ကျပ် ဖြစ်ကြောင်းတွေ့ရှိရသည်။ လက်ရှိနိုင်ငံခြားငွေလဲလှယ်နှုန်းအရ တွက်ချက်ရသော် တစ်နှစ်တွင် အမေရိကန်ဒေါ်လာ ၁,၃၇၄ ခန့် ဝင်ငွေရှိပါသည်။ ပျမ်းမျှတစ်နှစ် လျှင် ၂,၀၀၀,၀၀၀ကျပ် (သို့မဟုတ်) ၎င်းနှင့်အထက် ဝင်ငွေရရှိသူတို့တွင် ယောကျ်ားချင်း လိင်တူဆက်ဆံသူ များနှင့် မူးယစ်ဆေးသွေးကြောအတွင်းသို့ ထိုးသွင်းသူများမှာ အများစုဖြစ်ကြသည်။

ဖြေဆိုသူအများစုမှာ မြို့ကြီးပြကြီးများတွင် မဟုတ်ဘဲ ၊ မြို့ငယ်များ/ကျေးရွာများတွင် နေထိုင်ကြသူ များဖြစ်သည်။ ဖြေဆိုသူ စုစုပေါင်း၏ ၅၁% နှင့် အမျိုးသမီးဖြေဆိုသူအားလုံး၏ ၅၄% သည် မြို့ငယ်များ/ကျေးရွာများတွင် နေထိုင်ကြကြောင်း တွေ့ရှိရသည်။ ဤတွေ့ရှိချက်သည် ဖြေဆိုသူအများစုမှာ ရွှေ့ပြောင်းလုပ်သားများဖြစ်သည်ဟူသော အချက်နှင့်ဆက်စပ်နေသည်။ ယောကျ်ားချင်း လိင်တူဆက်ဆံသူများ၊ ပြည့်တန်ဆာများနှင့် မူးယစ်ဆေးဝါးသွေးကြောအတွင်းသို့ ထိုးသွင်းသူ အများစုမှာလည်း မြို့ငယ်များ/ ကျေးရွာများတွင် နေထိုင် ကြောင်းတွေ့ရသည်။

ဖြေဆိုသူများအနက် ၃၀%က ၎င်းတို့တွင် HIV ရောဂါပိုးရှိခြင်းကြောင့် လူမှုရေးအရတွေ့ဆုံမှုများ (သာရေး၊နာရေး၊ ပျော်ပွဲရွှင်ပွဲများ)မှ ချန်လှပ်ဖယ်ထုတ်ခံရကြောင်း ဖြေကြားကြသည်။

ဖြေဆိုသူအမျိုးအစားအမျိုးမျိုးရှိသည့်အနက် ပြည့်တန်ဆာများ ၏၁၆%က ၎င်းတို့ကို လူမှုရေးအရ တွေ့ဆုံမှု များ (သာရေး၊ နာရေး၊ ပျော်ပွဲရွှင်ပွဲများ)မှ မကြာခဏ ချန်လှပ်ဖယ်ထုတ်ခံရလေ့ရှိပြီး ဖြေဆိုသူအားလုံး၏ ၁၅% ကျော် မှာ လွန်ခဲ့သည့် တစ်နှစ်အတွင်း အဆိုပါအခြေအနေမျိုး ၃/၄ ကြိမ်ခန့် ကြုံတွေ့ရကြောင်း ဖြေကြားကြသည်။

ဖြေဆိုသူ ၁၅%က ၎င်းတို့သည် HIV ရောဂါပိုးရှိခြင်းကြောင့် မိသားစုနေ့စဉ်ဆက်ဆံရေး (ချက်ပြုတ်ခြင်း၊ အတူတူစားခြင်း၊ တစ်ခန်းတည်းအတူအိပ်ခြင်း)များမှ ချန်လှပ်ဖယ်ထုတ်ခံထားရမှုကို လွန်ခဲ့သောတစ်နှစ်အတွင်း ကြုံတွေ့ခဲ့ရ ကြောင်း ဖြေကြားကြသည်။

ဖြေဆိုသူအားလုံး၏ ၄၅% က ၎င်းတို့နှင့်ပတ်သက်၍ အတင်းအဖျင်းပြောကြခြင်းကို သတိထားမိကြပြီး ဖြေဆိုသူအမျိုးသမီး အားလုံး၏ထက်ဝက်ကျော်က ၎င်းတို့တွင် HIV ရောဂါပိုးရှိခြင်းကြောင့် အတင်းအဖျင်းပြောကြခြင်းကို သတိထားမိကြောင်း ဖြေဆိုခဲ့ကြသည်။

အတင်းအဖျင်းအပြောခံရမှုအပေါ် သတိထားမိမှုအရှိဆုံးမှာ ပြည့်တန်ဆာများဖြစ်ကြောင်းတွေ့ရှိရသည်။

ဖြေဆိုသူ ထက်ဝက်ကျော်က ၄င်းတို့သည် လွန်ခဲ့သောတစ်နှစ်အတွင်း နှုတ်ဖြင့်စော်ကားခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း များခံကြရကြောင်း ဖြေကြားခဲ့ကြသည်။

ဖြေဆိုသူ ၁၅% ကျော်မှာ လွန်ခဲ့သော တစ်နှစ်အတွင်း ကိုယ်ထိလက်ရောက် စော်ကားခံခဲ့ကြရကြောင်း ဖြေဆိုခဲ့ကြသည်။

ဖြေဆိုသူ ၁၀% ကျော်က HIV ရောဂါပိုးရှိမှုကို အကြောင်းပြုကာ ၄င်းတို့၏ ခင်ပွန်း၊ ဇနီး၊ လိင်ဆက်ဆံ ဖက်တို့က ၄င်းတို့အား စိတ်သောကရောက်စေကြောင်း ဖြေဆိုခဲ့ကြသည်။

လိင်ဆန္ဒရှိသူများ ၉၁% က HIV ရောဂါပိုးရှိခြင်းကြောင့် လွန်ခဲ့သော တစ်နှစ်အတွင်း လိင်ဆက်ဆံရန် ငြင်းပယ်ခံရမှု လုံးဝမရှိကြောင်း ဖြေဆိုခဲ့ကြသည်။

ဖြေဆိုသူ ၂၅% တွင် မိသားစုဝင်များက လွန်ခဲ့သော တစ်နှစ်အတွင်း မကြာခဏ ခွဲခြားဆက်ဆံလေ့ရှိကြောင်း ဖြေဆိုခဲ့ကြသည်။

ဖြေဆိုသူ ၂၀% ကျော်သည် လွန်ခဲ့သောတစ်နှစ်အတွင်း အိမ်နေရာအတင်းအကြပ် ပြောင်းရွှေ့ရန် ဖိအားပေးခံခဲ့ရပြီး ထိုသူများအနက် ၇၀% မှာ HIV ရောဂါပိုးရှိမှုနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဆက်စပ် မှုရှိကြောင်း တွေ့ရှိခဲ့ရသည်။

ဖြေဆိုသူ စုစုပေါင်း၏ ၄၁%မှာ HIV ရောဂါပိုးရှိခြင်းကြောင့် အလုပ်အကိုင်ဆုံးရှုံးခဲ့ရပြီး ယင်းအနက်၂၄%မှာ ၄င်းတို့အား အလုပ်ရှင် (သို့မဟုတ်) လုပ်ဖော် ကိုင်ဖက်တို့က ခွဲခြားဆက်ဆံကြကြောင်း ဖြေကြားခဲ့ပါသည်။ ဖြေဆိုသူ ၃၀%က ၄င်းတို့၏ ကျန်းမာရေး အခြေအနေချို့တဲ့လာသဖြင့် မိမိဘာသာအလုပ်ထွက်သင့်သည်ဟု ထင်သောကြောင့်လည်းကောင်း၊ ကျန်းမာရေးအခြေအနေ အလွန်ဆိုးရွားလာသောကြောင့် လည်းကောင်း အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း ဖြေကြားခဲ့ပါသည်။

ဖြေဆိုသူ စုစုပေါင်း၏ ၁၅%က HIV ရောဂါပိုးရှိခြင်းကြောင့် ၄င်းတို့အား အလုပ်ခန့်ရန်ငြင်းဆိုခဲ့ကြကြောင်း ထုတ်ဖော် ပြောဆိုခဲ့ပါသည်။

ဖြေဆိုသူအများစု(၉၀%ကျော်)က ၄င်းတို့အား HIV ရောဂါပိုးရှိသော်လည်း ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ကြောင်း ပြောပြကြပါသည်။ ယင်းသို့ ကျန်းမာရေးစောင့်ရှောက်မှုရခဲ့ခြင်းမှာ HIV နှင့်ပတ်သက်သည့် ဆေးရုံဆေးခန်းများသို့ အများဆုံးသွားရောက်ခဲ့ခြင်း ကြောင့်ဖြစ်ပါသည်။

သို့သော် ဖြေဆိုသူ ၃၅%ကျော်တွင် HIV ရောဂါပိုးရှိခြင်းကြောင့် လွန်ခဲ့သော တစ်နှစ်အတွင်း မိသားစု စီမံကိန်းစောင့်ရှောက်မှုငြင်းပယ်ခံခဲ့ရကြောင်း တွေ့ရှိရသည်။ ထို့အတူ ဖြေဆိုသူ ၂၀% ကလည်း ၄င်းတို့တွင် HIV ရောဂါပိုးရှိခြင်းကြောင့် လွန်ခဲ့သော တစ်နှစ်အတွင်း လိင်နှင့် မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှု ငြင်းပယ်ခံခဲ့ရကြောင်း ဖြေကြားခဲ့သည်။

ဖော်ပြခဲ့ပြီးသော တွေ့ရှိချက်များအရ ဖြေဆိုသူအများအပြားသည် အခြားသူများမှ ခွဲခြားဆက်ဆံခြင်း ခံခဲ့ရသူများဖြစ်ကြောင်း သိသာထင်ရှားသည့်အပြင် HIVရောဂါပိုးရှိခြင်းကြောင့် မိမိကိုယ်ကိုပြစ်တင်ရှုတ်ချခြင်းများလည်း ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရသည်။ ၄င်းတို့အနက် ၆၀% ကျော်တို့က ကိုယ့်ကိုယ်ကိုရှက်မိကြောင်းနှင့် ၃၅% ကျော်တို့က ကိုယ့်ကိုယ်ကိုအပြစ်ပေးသင့်သည်ဟု

ခံစားရကြောင်းဖြေဆိုခဲ့သည်။ ထို့အပြင်ဖြေဆိုသူ ၂၅% တို့က ကိုယ့်ကိုယ်ကို သတ်သေချင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ပြည့်တန်ဆာ များအနက် ၈၅%ကျော်က ကိုယ့်ကိုယ်ကို တန်ဖိုးထားမှု နိမ့်ကျလာသည်ဟု ပြောကြားခဲ့ကြပြီး ၃၆%မှာ ကိုယ့်ကိုယ်ကို သတ်သေချင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

လွန်ခဲ့သော တစ်နှစ်အတွင်း တကယ်ဖြစ်၊ မဖြစ် မသေချာသော်လည်း ဖြစ်လာမလားဟု စိုးရိမ်နေသော လူမှုဆက်ဆံရေးအခြေအနေကို မေးမြန်းခဲ့ရာတွင် ဖြေဆိုသူအားလုံး၏ ထက်ဝက်ကျော်သည် နှုတ်အားဖြင့် စော်ကားခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းခံရမည်ကို စိုးရွံ့နေကြကြောင်းတွေ့ရှိခဲ့ရသည်။ ဖြေဆိုသူ ၆၀% ကျော်က အတင်းအဖျင်းပြောခံရမည်ကို အမြဲတစေ စိုးရွံ့နေကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ ဖြေဆိုသူ သုံးပုံတစ်ပုံကျော်သည် ကိုယ်ထိလက်ရောက် စော်ကားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ခြင်းခံရမည်ကို စိုးရွံ့နေကြကြောင်း တွေ့ရှိခဲ့ရသည်။

HIV ရောဂါပိုးရှိခြင်းကြောင့် လွန်ခဲ့သော တစ်နှစ်အတွင်း တစ်စုံတစ်ယောက်က လိင်မဆက်ဆံချင် မည်ကို စိုးရွံ့နေရမှုနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာဖြေဆိုသူအားလုံး၏ တစ်ဝက်နီးပါးက ထိုကဲ့သို့ စိုးရွံ့နေရ ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

ဖြေဆိုသူ ၁၀% ခန့်သည် HIV ရောဂါပိုးရှိခြင်းကြောင့် လွန်ခဲ့သောတစ်နှစ်အတွင်း ထိန်းသိမ်းခံရခြင်း စောင့်ကြပ်ကြည့်ရှုခံရခြင်း သို့မဟုတ် သီးသန့်ခွဲထားခံရခြင်းများ ရှိကြောင်းဖြေဆိုခဲ့ပါသည်။ ဖြေဆိုသူ ရာခိုင်နှုန်းအနည်းငယ်မှာ အတင်းအဓမ္မဆေးစစ်၊ သွေးစစ်ခံခဲ့ရကြောင်း၊ အခြားနိုင်ငံသို့ ဝင်ရောက်ခွင့်ရရန် HIV ရောဂါပိုးရှိမှုကို ထုတ်ဖော်ပြောဆိုခဲ့ရကြောင်း တွေ့ရှိခဲ့ရပါသည်။

ဖြေဆိုသူအများစုမှာ မိမိဘာသာသိချင်၍ သွေးစစ်ဆေးခဲ့ကြပြီး အမျိုးသားဖြေဆိုသူ အများအပြားမှာ HIV ရောဂါပိုးရှိသူဟု သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ တွေ့ရှိခဲ့ရသဖြင့် သွေးစစ်ဆေးရန် ညွှန်းပို့ခြင်းခံကြရပါသည်။ အမျိုးသမီးဖြေဆိုသူ သုံးပုံတစ်ပုံကျော်သည် ၎င်းတို့၏ ခင်ပွန်း၊ လိင်ဆက်ဆံ ဖက်၊ မိသားစုဝင်တစ်ဦးဦးတွင် ရောဂါပိုးရှိသဖြင့် သွေးစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

သွေးစစ်ဆေးခံရန် မိမိဘာသာဆုံးဖြတ်ချက်ချခဲ့သည်ဟု ဖြေဆိုသူမှာ အများစုဖြစ်ပြီး အခြား သူများမှ ဖိအားပေးသဖြင့် သွေးစစ်ခံရန် ဆုံးဖြတ်ချက်ခဲ့ရသူမှာ ရာခိုင်နှုန်းအနည်းငယ်ရှိကြောင်း တွေ့ရှိခဲ့ ရသည်။ ဖြေဆိုသူအနည်းငယ်မျှသာ အဓမ္မစေခိုင်းသဖြင့် သွေးစစ်ခဲ့ကြပါသည်။ သို့သော်မူးယစ်ဆေးထိုး သူအများစုက ၎င်းတို့သည် သွေးစစ်ဆေးပြီးမှသာ HIV ရောဂါပိုးရှိ/မရှိ စစ်ဆေးကြောင်းသိရှိခဲ့ရသည်။

ဖြေဆိုသူအများစုမှာ သွေးမစစ်ဆေးမီနှင့် သွေးစစ်ဆေးပြီးနောက် နှစ်သိမ့်ဆွေးနွေးမှုခံခဲ့ရသည်။ သို့သော် ဖြေဆိုသူများ အနက် ၁၆% တွင် HIV ရောဂါပိုးရှိ/မရှိ သွေးစစ်ဆေးရန် နှစ်သိမ့်ဆွေးနွေးပညာပေးမှု လုံးဝမရှိခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

ဖြေဆိုသူအားလုံး၏ ၁၅% က HIV ရောဂါပိုးရှိသူ အချင်းချင်း (တစ်ဦးချင်း/ အုပ်စုလိုက် ဆက်နွယ် ပတ်သက်သူများ)၎င်းတို့တွင်HIV ရောဂါပိုးရှိကြောင်းအများသို့ ဖွင့်ဟပြောဆိုရန် တိုက်တွန်း ကြောင်းဖြေဆိုခဲ့သည်။ယင်းသို့ တိုက်တွန်းရခြင်းမှာလည်း ဆေးဝါးကုသမှုခံယူချိန်တွင် မိသားစုဝင်တစ်ဦးဦး ၏ အကူအညီရရှိစေရန်ဖြစ်ပါသည်။

ဖြေဆိုသူများအနက် ၁၀%က ကျန်းမာရေးဝန်ထမ်းများသည် ၄င်းတို့ခွင့်မပြုဘဲ HIV ရောဂါပိုးရှိကြောင်းကို အခြားသူများကို ဖွင့်ပြောခဲ့ကြောင်း ဖြေကြားခဲ့သည်။

သို့သော် ဖြေဆိုသူအများစု (၇၀%ကျော်)က ၄င်းတို့၏ဆေးမှတ်တမ်းများကို လျှို့ဝှက်စွာ သိမ်းဆည်း ထားမည်ဟု လုံးဝဉသုံယုံကြည်ကြပြီး ၂၀% ကျော်က ၄င်းတို့၏ဆေးမှတ်တမ်းများ လျှို့ဝှက်ထားခြင်း ရှိ/မရှိ မသိပါဟု ဖြေကြားကြသည်။

မိမိတို့တွင် HIV ရောဂါပိုးရှိကြောင်း သိလိုက်ရသောအခါ ဇနီး၊ ခင်ပွန်း၊ လိင်ဆက် ဆံဖက်၊ သူငယ်ချင်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ကွက်လူကြီးများ၊ ကျန်းမာရေးလုပ်သားများနှင့် အစိုးရ အရာရှိများ အစရှိသူတို့၏ ကနဦးတုန့်ပြန်မှုနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ လူအမျိုးမျိုးတွင် တုံ့ပြန်မှုအမျိုးမျိုး ရှိကြောင်း တွေ့ရသည်။ ပြောင်းလဲမှုမရှိဘဲ ယခင်အတိုင်း ဆက်ဆံခြင်းများရှိသကဲ့သို့ ပံ့ပိုးကူညီခဲ့ခြင်းများလည်း ရှိကြောင်း တွေ့ရှိရသည်။ ထိုသို့ HIV ရောဂါပိုးရှိမှုအပေါ် လူအများ၏တုံ့ပြန်မှုကို သတ်မှတ်ချက် (၅)ခု ခွဲကာ သတ်မှတ်ချက် (၁)ကို ဆိုးဆိုးဝါးဝါးခွဲခြားဆက်ဆံသည်ဟု အဓိပ္ပာယ်ဖွင့်ပြီး သတ်မှတ်ချက် (၅)ကို သိသိသာသာပံ့ပိုးပေး သည်ဟု ဖွင့်ဆိုထားရာတွင် အများစုမှာ ပျမ်းမျှအားဖြင့် သတ်မှတ်ချက် (၃)အထက်တွင် ရှိကြောင်းတွေ့ ရသည်။

ဖြေဆိုသူ ၆၀% ကျော်က HIV ရောဂါပိုးရှိကြောင်း လူအများသိအောင် ဖွင့်ပြောလိုက်ခြင်းဖြင့် စိတ်အားတက်ကြွမှု ဖြစ်စေကြောင်း ဖြေကြားခဲ့ကြပါသည်။

လက်ရှိကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ဖြေဆိုသူအများစုက ကျန်းမာရေးကောင်းသည်ဟု ထင်မြင်ကြပြီး အချို့မှာ ကျန်းမာရေးအခြေအနေ အသင့်အတင့်မှ ညံ့သည်ဟု ယူဆကြသည်။ ဖြေဆိုသူအားလုံး၏ ၅% မျှသာ ကျန်းမာရေး အလွန်ကောင်းကြသည်ဟု ထင်မြင်ကြသည်။

ဖြေဆိုသူအားလုံး၏ ၄၈% နှင့် အမျိုးသမီးဖြေဆိုသူများ၏ ၅၁%က ၄င်းတို့သည် လက်ရှိ ART (HIV ရောဂါပိုး ကုသမှု)ဆေးများ မသောက်ရသေးကြောင်း ဖြေကြားကြသည်။

ဖြေဆိုသူများအနက် ၄၁%သည် လက်ရှိအနေအထားတွင် ART (HIV ရောဂါပိုး ကုသမှု)ဆေးများ ရရှိနိုင်မည့် အခွင့်အလမ်းမရှိသေးကြောင်း ဖြေကြားခဲ့သည်။

## ၂။ နောက်ခံအကြောင်းအရင်းနှင့် လေ့လာခြင်းနည်းစနစ်

ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးတွင် HIV / AIDS ရောဂါကူးစက်ပြန့်ပွားမှုကို တားဆီး ကာကွယ်ခြင်း၊ ရောဂါကုသခြင်းနှင့် ပြုစုစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများ အစပျိုးရာတွင် HIV ရောဂါပိုးရှိ ခြင်းကြောင့် ပြစ်တင်ရှုတ်ချခံရခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်းတို့သည် အတားအဆီးများသဖွယ်ရှိနေကြောင်း ကျယ်ကျယ်ပြန့်ပြန့် သတိထားမိလာကြသည်။ ဤ ပြစ်တင်ရှုတ်ချခံရခြင်းအကြောင်းကို လျစ်လျူရှုထားခဲ့လျှင် တစ်ကမ္ဘာလုံး ဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်သည်လည်း အောင်မြင်နိုင်လိမ့်မည် မဟုတ်ပေ။ HIV / AIDS ရောဂါရှိမှုနှင့် ဆက်စပ်၍ ကျွန်ုပ်တို့ သိထားသော ပြစ်တင်ရှုတ်ချခံရခြင်း နှင့် ခွဲခြားဆက်ဆံခံရခြင်းတို့မှာ စနစ်တကျလေ့လာထားသည့်အခြေအနေမရှိဘဲ ပြောဆိုနေကြခြင်းဖြစ်ပြီး ရောဂါပိုးရှိသူ ကိုယ်တိုင် သုံးသပ်ရှုမြင်ချက်များ၊ ၎င်းတို့၏ အမြင်များပါဝင်လေ့မရှိပါ။

လွန်ခဲ့သောနှစ်အနည်းငယ်က International Planned Parenthood Association (IPPF) နှင့် Joint United Nations Programme on HIV / AIDS (UNAIDS) သည် Global Network of People living with HIV / AIDS (GNP+) နှင့် International Community of Women living with HIV / AIDS (ICW) အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လာကြပြီး HIV ရောဂါပိုးရှိသူများ ကြုံတွေ့နေရသော ပြစ်တင်ရှုတ်ချခံရခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်းကိုတိုင်းတာရန် အညွှန်းကိန်းတစ်ခု သတ်မှတ်ခဲ့ကြသည်။ အညွှန်းကိန်း ဆန်းစစ်ရခြင်းမှာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် HIV ရောဂါပိုးရှိသူများ ရင်ဆိုင်နေရသော ပြစ်တင်ရှုတ်ချခံရခြင်း နှင့် ခွဲခြားဆက်ဆံခံရခြင်း အတိုင်းအတာနှင့် ပုံစံအမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်စေရန် ရည်ရွယ်သော ကြောင့်ဖြစ်သည်။ ထို့အပြင် ဗဟုသုတများ ကျယ်ကျယ်ပြန်ပြန့် ရရှိလာမှုကြောင့် HIV ရောဂါပိုးရှိသူများ၏ အခွင့်အရေးများ တိုးတက်ရန်တောင်းဆိုရာတွင် ပြည်တွင်း၊ တစ်နိုင်ငံလုံးနှင့် တစ်ကမ္ဘာလုံး ဆိုင်ရာ လုပ်ငန်းအသိပေးရှင်းလင်းဆွေးနွေးရန် အထောက်အထားတစ်ခုအဖြစ် အကျိုးရှိမည်ဟု ယူဆပါသည်။

မြန်မာနိုင်ငံအတွင်း HIV ရောဂါပိုးရှိသူများ၏ ပြစ်တင်ရှုတ်ချခံရခြင်းဆိုင်ရာ အညွှန်းကိန်းကို ဆန်းစစ်ရန်အတွက် MMRD Research Services သည် HIV ပိုးဖြင့် အသက်ရှင်နေထိုင်ကြသူများကွန်ယက်(မြန်မာ) (MPG) မှ စာရင်းအချက်အလက် ကောက်ယူမည့်သူများကို သင်တန်းပေးခြင်း၊ စနစ်တကျဆောင်ရွက်နိုင်ရန်ကြပ်မတ်ပေးခြင်း ပြုလုပ်ပေးပြီး အချက်အလက်များကို ကွင်းဆင်းကောက်ယူစုဆောင်းခဲ့သည်။

သုတေသနအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများ၊ သင်တန်းများ ပေးပြီးနောက် HIV ပိုးဖြင့် အသက်ရှင်နေထိုင်ကြသူများကွန်ယက်(မြန်မာ) သည် လေ့လာဆန်းစစ်ရာတွင် ပူးပေါင်းပါဝင်ကြမည့် ဖြေဆိုသူများကို ရှာဖွေရန် အတွက်

ရှိနှင့်ပြီးသော HIV / AIDS ရောဂါပိုးရှိသူများ၏ လူမှုရေးကွန်ယက်ကို ချဉ်းကပ်ခဲ့ကြသည်။ ကောက်ယူမည့် နမူနာများ နေရာချထားမှုကို သီးခြားဖော်ပြထားသည်။

၁။ ပြစ်တင်ရှုတ်ချခံရခြင်းဆိုင်ရာ အညွှန်းကိန်းဆန်းစစ်ရန် မေးခွန်းလွှာများကို မြန်မာဘာသာသို့ ပြန်ဆိုခြင်း။

၂။ တွေ့ဆုံမေးမြန်းမှု နည်းစနစ်၊ နမူနာကောက်ယူမှု နည်းစနစ်၊ စာရင်းဇယား ထိန်းချုပ်မှု စနစ်များ ဆိုင်ရာသင်တန်းပေးရန်အတွက် သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း။ (၎င်းတို့တွင် ကိန်းဂဏန်းအချက်အလက်များ စုဆောင်းခြင်း၊ အရည်အသွေး ပြည့်ဝသေချာသော ကိန်းဂဏန်းအချက်အလက်များ ရရှိရန် ကွင်းဆင်းလေ့လာမှုအတွက် အစီအစဉ် ရေးဆွဲခြင်းများ ပါဝင်သည်။)

၃။ ကြီးကြပ်သူများနှင့် စာရင်းအချက်အလက်ကောက်ယူသူများအတွက် အရည်အသွေးပြည့်စုံ သေချာစေသော တွေ့ဆုံမေးမြန်းမှု ဆိုင်ရာလမ်းညွှန်ချက်များ ပြုစုခြင်း။

၄။ HIV ရောဂါပိုးရှိသူ (၁၂)ဦးအား စာရင်းအချက်အလက် ကောက်ယူသူများအဖြစ်လည်းကောင်း၊ HIV ရောဂါပိုးရှိသူ (၄)ဦးအား ကြီးကြပ်သူအဖြစ်လည်းကောင်း လေ့ကျင့်ပေးခြင်း။

၅။ ကွင်းဆင်းခြင်းနှင့် အချက်အလက်ကောက်ယူခြင်းတို့ကို မြန်မာကူးစက်ခံရပြီး အုပ်စုမှ ဆောင်ရွက်ခြင်း။

၆။ ကွင်းဆင်းရာတွင် အရည်အသွေးပြည့်မီ သေချာစေသော အထောက်အပံ့များ ပံ့ပိုးပေးခြင်း။

၇။ HIV ရောဂါပိုးရှိခြင်းကြောင့် ပြစ်တင်ရှုတ်ချခံရခြင်းဆိုင်ရာ အညွှန်းကိန်းလေ့လာခြင်း စာတမ်းရေးသားပြုစုခြင်း။

## ဖြေဆိုသူများ၏ နေရာဒေသ၊ လိင်(ကျား/မ)အမျိုးအစားပေါ်မူတည်၍ နေရာချထားမှုပြဇယား

| စဉ် | နေရာဒေသ | ပြည်နယ်/တိုင်း | မှတ်တမ်းဝင်ရောဂါပိုးရှိလူဦးရေ | မြို့နယ်အရေအတွက် | မြို့နယ်အမည် | ကျား | | | မ | | မြို့နယ်အလိုက်ကောက်ယူခဲ့သည့်နမူနာအရေအတွက် | နမူနာစုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ယောက်ျားချင်းလိင်တူဆက်ဆံသူ | မူးယစ်ဆေးထိုးသူ | အခြား | ပြည့်တန်ဆာ | အခြား | | |
| ၁ | မြို့ကြီးများ | ရန်ကုန် | ၃၂၆၆ | ၆ | ပန်းဘဲတန်း | ၂ | ၁ | ၁ | ၃ | ၃ | ၁၀ | ၆၀ |
| | | | | | လသာ | ၂ | ၁ | ၁ | ၃ | ၃ | ၁၀ | |
| | | | | | သင်္ဃန်းကျွန်း | ၂ | ၁ | ၂ | ၃ | ၂ | ၁၀ | |
| | | | | | မရမ်းကုန်း | ၂ | ၂ | ၁ | ၅ | ၀ | ၁၀ | |
| | | | | | ကမာရွတ် | ၂ | ၁ | ၂ | ၁ | ၄ | ၁၀ | |
| | | | | | ကြည့်မြင်တိုင် | ၃ | ၂ | ၁ | ၂ | ၂ | ၁၀ | |
| | | မန္တလေး | ၁၁၃၈ | ၄ | ချမ်းအေးသာဇံ | ၃ | ၂ | ၁ | ၂ | ၃ | ၁၁ | ၄၄ |
| | | | | | ပြည်ကြီးတံခွန် | ၂ | ၂ | ၂ | ၃ | ၂ | ၁၁ | |
| | | | | | ချမ်းမြသာစည် | ၂ | ၁ | ၂ | ၃ | ၃ | ၁၁ | |
| | | | | | အောင်မြေသာဇံ | ၃ | ၁ | ၁ | ၃ | ၃ | ၁၁ | |
| ၂ | မြေပြန့်ဒေသ | ပဲခူး | ၁၃၃ | ၂ | ပဲခူး | ၃ | ၀ | ၂ | ၂ | ၄ | ၁၁ | ၅၅ |
| | | | | | ပြည် | ၄ | ၀ | ၃ | ၃ | ၁ | ၁၁ | |
| | | မွန် | ၅၁၈ | ၃ | မော်လမြိုင် | ၄ | ၀ | ၁ | ၃ | ၃ | ၁၁ | |
| | | | | | သထုံ | ၃ | ၁ | ၂ | ၁ | ၄ | ၁၁ | |
| | | | | | မုဒုံ | ၃ | ၁ | ၂ | ၁ | ၄ | ၁၁ | |
| ၃ | ခြောက်သွေ့ဒေသ | မကွေး | ၈၆ | ၂ | မကွေး | ၂ | ၁ | ၂ | ၃ | ၃ | ၁၁ | ၅၅ |
| | | | | | ပခုက္ကူ | ၁ | ၀ | ၅ | ၁ | ၄ | ၁၁ | |
| | | စစ်ကိုင်း | ၂၄၄ | ၂ | မုံရွာ | ၂ | ၁ | ၂ | ၂ | ၄ | ၁၁ | |
| | | | | | ကလေး | ၂ | ၁ | ၂ | ၂ | ၄ | ၁၁ | |
| | | မန္တလေး(ခွဲ) | ၂၅၈ | ၁ | ကျောက်ပန်းတောင်း | ၃ | ၀ | ၂ | ၁ | ၅ | ၁၁ | |
| ၄ | တောင်ပေါ်ဒေသ | ကချင် | | ၁ | မြစ်ကြီးနား | ၃ | ၂ | ၁ | ၂ | ၃ | ၁၁ | ၅၅ |
| | | ရှမ်း(မြောက်) | ၃၇၉ | ၂ | လားရှိုး | ၃ | ၃ | ၀ | ၂ | ၃ | ၁၁ | |
| | | | | | မူဆယ် | ၂ | ၃ | ၁ | ၂ | ၃ | ၁၁ | |
| | | ရှမ်း(တောင်) | ၉၀ | ၂ | တောင်ကြီး | ၀ | ၂ | ၂ | ၂ | ၅ | ၁၁ | |
| | | | | | အောင်ပန်း | ၁ | ၀ | ၄ | ၃ | ၃ | ၁၁ | |
| ၅ | ကမ်းရိုးတန်းဒေသ | ရခိုင် | | ၂ | စစ်တွေ | ၂ | ၁ | ၂ | ၃ | ၃ | ၁၁ | ၅၅ |
| | | | | | ဘူးသီးတောင် | ၀ | ၁ | ၄ | ၃ | ၃ | ၁၁ | |
| | | တနင်္သာရီ | ၂၆၉ | ၃ | ထားဝယ် | ၁ | ၀ | ၃ | ၀ | ၇ | ၁၁ | |
| | | | | | လောင်းလုံ | ၁ | ၀ | ၅ | ၀ | ၅ | ၁၁ | |
| | | | | | သရက်ချောင်း | ၃ | ၀ | ၂ | ၀ | ၆ | ၁၁ | |
| စုစုပေါင်း | | | | | | ၆၆ | ၃၁ | ၆၁ | ၆၄ | ၁၀၂ | ၃၂၄ | |

**သုတေသနတွင်အသုံးပြုမည့်မေးခွန်းများ ပြင်ဆင်ခြင်း နှင့် သင်တန်းပေးခြင်း၊ မေးခွန်းလွှာများကို မြန်မာဘာသာ သို့ပြန်ဆိုခြင်း နှင့် အတည်ပြု နိုင်ရန်အတွက် ရှေ့ပြေးစမ်းသပ်စစ်ဆေးခြင်း**

-လက်တွေ့ ကွင်းဆင်းသုတေသနပြု နိုင်ရန်အတွက် **HIV** ပိုးဖြင့် အသက်ရှင်နေထိုင်ကြသူများကွန်ယက်(မြန်မာ) မှစေတနာ့ဝန်ထမ်းများအား (၅)ရက်တာသင်တန်းပေးခြင်း။
-လူမှုရေးသုတေသနတွင် အသုံးပြုသောနည်းစနစ်များ၏ အားသာချက်များ နှင့် အားနည်းချက်များ။
-အရေအတွက် နှင့် အရည်အသွေးဆိုင်ရာသုတေသန **(QUANTITATIVE AND QUALITATIVE RESEARCH)** နှင့် အချက်အလက်များ ဖော်ထုတ်ရယူ စုဆောင်းခြင်း နည်းစနစ်များ။
-အချက်အလက်များစိစစ်ခြင်း နှင့် တိုးတက်အောင်မြင်မှု ခန့်မှန်းရန်သင်္ကေတများ အသုံးပြုခြင်း။
-စာရင်းအင်းဆိုင်ရာစိစစ်ခြင်းတွင် အသုံးပြုသော နည်းစနစ် **(SPSS SOFTWARE)** နှင့် နည်းပညာများကို မိတ်ဆက်ပေးခြင်း။
-စုဆောင်းရရှိလာသောအချက်အလက်များကို စီမံလုပ်ဆောင်ခြင်းနှင့် ရေးသွင်းခြင်း **နည်းလမ်းများ။**
-သုတေသနတွင်အသုံးပြုမည့် ကိရိယာများကို ဆန်းစစ်ခြင်း၊ အချက်အလက်များ စုဆောင်း ရယူရန် နှင့် စီမံလုပ်ဆောင်ရန် အတွက် ကြာမြင့်ချိန် နှင့် အထောက် အပံ့များစီစဉ်ခြင်း။

**HIV ပိုးဖြင့် အသက်ရှင်နေထိုင်ကြသူများကွန်ယက်(မြန်မာ)မှ အချက်အလက်များ ဖော်ထုတ်ရယူစုဆောင်း ပြီးနောက် အချက်အလက်များ စီမံလုပ်ဆောင်ခြင်း၊ သင်တန်းပေးခြင်း နှင့် ရေးသွင်းခြင်း။**

-စုဆောင်းရရှိသည့်အချက်အလက်များ စိစစ်ခြင်း နှင့်အညွှန်းဖော်ထုတ်ခြင်း။
-သိနားလည်မှု နှင့် တွေ့ရှိချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ တင်ပြခြင်း။

ပုံ - ၁၊ ဖြေဆိုသူများ၏ လိင်(ကျား/မ) အချိုး




ပြစ်တင်ရှုတ်ချခံရခြင်းဆိုင်ရာအညွှန်းကိန်းနှင့် ပတ်သက်သောအချက်အလက်များကိုလေ့လာ ဆန်းစစ်ရာတွင် မြန်မာ ကူးစက်ခံရပြီးအုပ်စုမှ စာရင်းအချက်အလက်ကောက်ယူသူများသည် နမူနာကောက်ယူမည့်HIVရောဂါပိုးရှိသူများ အားကျား/မအရေအတွက်အညီအမျှ သတ်မှတ်ပြီးအချက်အလက်များကောက်ယူခဲ့ပါ သည်။စာရင်းဇယားဖော်ပြရာ၌အမျိုးသား ၄၉%နှင့်အမျိုးသမီး၅၁% ပါဝင်ကြောင်းတွေ့ ရှိခဲ့ရသည်။HIVရောဂါပိုးရှိသူများ၏ ပြစ်တင် ရှုတ်ချခံရခြင်းဆိုင်ရာအညွှန်းကိန်းဆန်းစစ်ခြင်း ဖြစ်သည့်အတွက်ဖြေဆိုသူအားလုံးမှာHIV ရောဂါပိုးရှိသူများဖြစ်သည်။

ပုံ - ၂၊ ဖြေဆိုသူများ၏အသက်အပိုင်းအခြား




ဖြေဆိုသူအများစုသည် အသက်(၃၀)နှစ်မှ (၃၉)နှစ်အတွင်းရှိကြပြီး ဒုတိယအများဆုံးသည် အသက် ၂၅နှစ်မှ ၂၉နှစ်အတွင်း ရှိကြသည်။ သို့သော်အသက်(၁၅)နှစ်မှ(၁၉)နှစ် အတွင်းနှင့်အသက်(၅၀)နှစ်ကျော် သည့်ဖြေဆိုသူများကိုလည်းတွေ့ရှိခဲ့ ရသည်။

ပုံ - ၃၊ HIV ရောဂါပိုးရှိနေခြင်းကို သိပြီးသောကာလ




ဖြေဆိုသူအားလုံး၏ **၇၀%** နီးပါးက HIV ရောဂါပိုးရှိနေခြင်းကိုသိသည်မှာ ၁နှစ်မှ ၄နှစ်ရှိပြီ ဖြစ်ကြောင်းဖြေကြားကြပြီး အချို့မှာ ၅နှစ်မှ ၉နှစ်ရှိပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ ဤလေ့လာမှုတွင် ပါဝင်သော ဖြေဆိုသူများထဲမှ ၁% သာ HIV ရောဂါပိုးရှိနေခြင်းကို သိသည်မှာ ၁၀နှစ်အထက်ရှိပြီဖြစ်ကြောင်း တွေ့ရှိခဲ့ရ သည်။

ဇယားကွက် - ၁၊ လက်ရှိအိမ်ထောင်ရေးအခြေအနေ

| လက်ရှိအိမ်ထောင်ရေးအခြေအနေ | ယောက်ျားးချင်း လိင်တူဆက်ဆံသူ | ပြည့်တန်ဆာ | မူးယစ်ဆေးထိုးသူ | အခြား | စုစုပေါင်း |
|---|---|---|---|---|---|
| ဇနီး၊ ခင်ပွန်း၊ လိင်ဆက်ဆံဖက်ရှိပြီး တစ်အိမ်တည်း အတူနေခြင်း | ၁၇% | ၃၉% | ၄၇% | ၃၉% | ၃၅% |
| ဇနီး၊ ခင်ပွန်း၊ လိင်ဆက်ဆံဖက်ရှိပြီး ယာယီအတူ တကွနေထိုင်ခြင်း | ၃% | ၂% | - | ၇% | ၄% |
| အလုပ်ကြောင့် သီးခြားခွဲနေခြင်း | ၂၃% | ၈% | ၆% | ၄% | ၉% |
| တစ်ကိုယ်တည်းနေခြင်း | ၅၄% | ၈% | ၂၆% | ၇% | ၁၉% |
| တရားဝင်ကွာရှင်းထားခြင်း/သီးခြားအိမ်ခွဲနေခြင်း | ၃% | ၂၂% | ၁၂% | ၉% | ၁၁% |
| မုဆိုးမ/မုဆိုးဖို | - | ၂၂% | ၉% | ၃၄% | ၂၂% |

ဖြေဆိုသူများ၏ သုံးပုံ တစ်ပုံသည် လက်ရှိ တစ်အိမ်တည်းတွင် ဇနီး/ခင်ပွန်း သို့မဟုတ် လိင်ဆက်ဆံဖက်နှင့် အတူ နေထိုင်ကြပါသည်။ တစ်ကိုယ်တည်းနေထိုင်သူများတွင် အများစုမှာ ယောက်ျားးချင်း လိင်တူဆက်ဆံသူများ ဖြစ်ကြပြီး ၅၀% ကျော်ရှိကြောင်း တွေ့ရသည်။ ပြည့်တန်ဆာများတွင်မူ ၈% ခန့်သာ တစ်ကိုယ်တည်းနေထိုင်ကြပြီး ၄၀% ကျော်မှာ ယောက်ျား သို့မဟုတ် လိင်ဆက်ဆံဖက်များနှင့်အတူ နေထိုင်ကြသည်။ မူးယစ်ဆေးဝါး အကြောအတွင်းသို့ ထိုးသွင်းသူများ၏ ထက်ဝက်ခန့်မှာ ဇနီး/ခင်ပွန်း သို့မဟုတ် လိင်ဆက်ဆံဖက်များနှင့်အတူ နေထိုင်ကြကြောင်းတွေ့ရှိရသည်။

ပုံ - ၄၊ ဖြေဆိုသူအမျိုးအစား




HIVရောဂါပိုးရှိခြင်းကြောင့် ပြစ်တင်ရှုတ်ချခံရခြင်း ဆိုင်ရာအညွှန်းကိန်း နမူနာကောက်ယူရာတွင်ယောကျ်ားချင်း လိင်တူဆက်ဆံသူများ၊ ပြည့်တန်ဆာများ၊ မူးယစ်ဆေးဝါးသွေးကြောအတွင်းသို့ ထိုးသွင်းသူများနှင့် အခြားအုပ်စုဟူ၍ အုပ်စုအမျိုးအစား ခွဲခြားထားသကဲ့သို့ ကျား/မ၊ နေရာဒေသနှင့် အသက်ကိုမူတည်၍လည်း ခွဲခြားထားပါသည်။

ပုံ - ၅။ ဖြေဆိုသူများ၏ လိင်ဆန္ဒရှိနေမှုအခြေအနေ

“လောလောဆယ်လိင်ဆန္ဒရှိသေးလား။”




ဖြေဆိုသူအားလုံး၏ ၈၅% သည် လက်ရှိ လိင်ဆန္ဒ ရှိနေကြကြောင်း တွေ့ရှိခဲ့ရသည်။

ပုံ - ၆၊ ဖြေဆိုသူများ၏ လူမှုရေးအခြေအနေ




ဖြေဆိုသူများ၏ ၂၆% သည် မြန်မာပြည်အနှံ့သွားလာနေထိုင်လုပ်ကိုင်သော ရွှေ့ပြောင်းလုပ်သားများ ဖြစ်ကြသည်။ ၂၃ % မှာ ပြည့်တန်ဆာများဖြစ်ပြီး ၁၇ % မှာ အကျဉ်းသားများဖြစ်ကြပါသည်။

ပုံ - ၇၊ ကျား/မ အလိုက် ဖြေဆိုသူများ၏ ပညာအရည်အချင်း




ဖြေဆိုသူ **၈%** ခန့်သာ တက္ကသိုလ်/ကောလိပ်အောင်မြင်ခဲ့သူများဖြစ်ပြီး အများစုမှာ အလယ်တန်း အောင်မြင်သူများ ဖြစ်သည်။ သို့ရာတွင် အမျိုးသမီး အများစုမှာ မူလတန်းအောင်မြင်သူများသာ ဖြစ်ကြသည်။

ပုံ - ၈၊ နေရာဒေသအလိုက် ဖြေဆိုသူများ၏ ပညာအရည်အချင်း




ဖြေဆိုသူများ၏ ပညာအရည်အချင်းမှာ နေရာဒေသကိုလိုက်၍ပြောင်းလဲခြင်း မရှိဘဲ တူညီကြောင်း တွေ့ရှိရသည်။ သို့သော်မြို့ကြီးများ၌ နေထိုင်သူများသည် တက္ကသိုလ်/ကောလိပ်ဘွဲ့ရများ ပိုဖြစ်ကြောင်း တွေ့ရှိရသည်။

ပုံ - ၉ လက်ရှိအလုပ်အကိုင် အခြေအနေ




ဖြေဆိုသူများ၏ သုံးပုံတစ်ပုံခန့်သာ ကိုယ်ပိုင်အလုပ်ရှိကြပြီး လေးပုံတစ်ပုံခန့်မှာ အလုပ်လက်မဲ့များဖြစ်ကြသည်။ အချိန်ပြည့်အလုပ်ရှိသူများမှာ ၁၃% သာ ရှိကြောင်းတွေ့ရှိရသည်။

ပုံ - ၁၀၊ ကျား/မအလိုက် နှစ်စဉ် ပျှမ်းမျှဝင်ငွေ




ဖြေဆိုသူများ၏ ပျှမ်းမျှ တစ်နှစ်ဝင်ငွေမှာ ၁,၃၈၀,၄၆၆ကျပ် ဖြစ်ကြောင်းတွေ့ရှိရသည်။ လက်ရှိနိုင်ငံခြားငွေလဲလှယ်နှုန်းအရ တွက်ချက်ရသော် တစ်နှစ်တွင် အမေရိကန်ဒေါ်လာ ၁,၃၇၄ခန့် ဝင်ငွေရှိပါသည်။ ပျှမ်းမျှတစ်နှစ်လျှင် ၂,၀၀၀,၀၀၀ကျပ် (သို့မဟုတ်) ၎င်းနှင့်အထက် ဝင်ငွေရရှိသူတို့တွင် ယောက်ျားချင်း လိင်တူဆက်ဆံသူများနှင့် မူးယစ်ဆေး သွေးကြော အတွင်းသို့ ထိုးသွင်းသူများမှာ အများစုဖြစ်ကြသည်။

ပုံ - ၁၁၊ ဖြေဆိုသူအမျိုးအစားအလိုက် နှစ်စဉ် ပျှမ်းမျှဝင်ငွေ



ပုံ - ၁၂၊ ဖြေဆိုသူများ၏ နေထိုင်ရာဒေသ




ပုံ - ၁၃၊ ဖြေဆိုသူအမျိုးအစားအလိုက် နေထိုင်ရာဒေသ




ဖြေဆိုသူအများစုမှာ မြို့ကြီးပြကြီးများတွင် မဟုတ်ဘဲ ၊ မြို့ငယ်များတွင် နေထိုင်ကြသူများဖြစ် သည်။ ဖြေဆိုသူ စုစုပေါင်း၏ ၅၁%နှင့် အမျိုးသမီးဖြေဆိုသူအားလုံး၏ ၅၄%သည် မြို့ငယ် များတွင် နေထိုင်ကြကြောင်း တွေ့ရှိရသည်။ ဤတွေ့ရှိချက်သည် ဖြေဆိုသူအများစုမှာ ရွှေ့ပြောင်းလုပ်သား များဖြစ်သည်ဟူသော အချက်နှင့် ဆက်စပ်နေသည်။ ယောကျ်ားချင်းလိင်တူဆက်ဆံသူများ၊ ပြည့်တန်ဆာများနှင့် မူးယစ်ဆေးဝါးသွေးကြောအတွင်းသို့ ထိုးသွင်းသူ အများစုမှာလည်း မြို့ငယ်များတွင် နေထိုင် ကြောင်းတွေ့ရသည်။

## ၄။ ပြစ်တင်ရှုတ်ချခံရခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်း အတွေ့အကြုံပုံ

- ၁၄၊ လူမှုရေးအရ တွေ့ဆုံမှုများမှ ချန်လှပ်ဖယ်ထုတ်ခံရမှုအခြေအနေ




ဖြေဆိုသူ၇၀%နီးပါးက ၎င်းတို့တွင် HIVရောဂါပိုးရှိခြင်းကြောင့် လူမှုရေး အရတွေ့ဆုံမှုများ (သာရေး၊ နာရေး၊ ပျော်ပွဲရွှင်ပွဲများ)မှ ချန်လှပ်ဖယ်ထုတ် ခံရခြင်းမရှိကြောင်း ဖြေကြားကြသည်။ သို့သော် ဖြေဆိုသူများအနက် ၁၁% မှာ ဤကဲ့သို့ မကြာခဏကြုံတွေ့ရ ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ပုံ -၁၅၊ ဖြေဆိုသူအမျိုးအစားအလိုက် လူမှုရေးအရ တွေ့ဆုံမှုများမှ ချန်လှပ်ဖယ်ထုတ်ခံရမှု အခြေအနေ




ဖြေဆိုသူ အမျိုးအစားအမျိုးမျိုးရှိသည့်အနက် ပြည့်တန်ဆာအများစုက ၎င်းတို့ကိုလူမှုရေးအရ တွေ့ဆုံမှုများ (သာရေး၊ နာရေး၊ ပျော်ပွဲ ရွှင်ပွဲများ)မှ မကြာခဏ ချန်လှပ်ဖယ်ထုတ် ခံရလေ့ရှိပြီး ဖြေဆိုသူအားလုံး၏၁၀% ကျော်မှာ လွန်ခဲ့သည့် တစ်နှစ်အတွင်း အဆိုပါ အခြေအနေမျိုး၃/၄ကြိမ်ခန့်ကြုံတွေ့ရကြောင်း ဖြေကြားကြသည်။

ပုံ - ၁၆၊ မိသားစုနေ့စဉ်ဆက်ဆံရေးမှ ချန်လှပ်ဖယ်ထုတ်ခံရမှုအခြေအနေ




ဖြေဆိုသူအများစု၏၈၀%နီးပါး သည် HIV ရောဂါပိုးရှိခြင်းကြောင့် မိသားစုနေ့စဉ်ဆက်ဆံရေး (ချက်ပြုတ်ခြင်း၊ အတူတူစားခြင်း၊ တစ်ခန်းတည်း အတူအိပ်ခြင်း) များမှ မည့်သည့်အခါမျှ ချန်လှပ် ဖယ်ထုတ် ခံထားရခြင်းမရှိပါ။ သို့သော် ဖြေဆိုသူ ၁၅%က ၄င်းတို့သည် လွန်ခဲ့သော တစ်နှစ်အတွင်း ဤကဲ့သို့ မကြာခဏ ကြုံတွေ့ခဲ့ရကြောင်း ဖြေကြားကြသည်။

ပုံ - ၁၇၊ အတင်းအဖျင်းပြောခံရမှုကို သတိထားမိမှုအခြေအနေ




ဖြေဆိုသူအားလုံး၏ **၄၅%** က ၄င်းတို့နှင့် ပတ်သက်၍ အတင်းအဖျင်း ပြောကြခြင်းကို သတိထားမိကြပြီး ဖြေဆိုသူအမျိုးသမီးအားလုံး၏ ထက်ဝက်ကျော်က၄င်း တို့တွင် HIVရောဂါပိုးရှိခြင်းကြောင့် အတင်းအဖျင်းပြောကြခြင်းကို သတိထားမိကြောင်း ဖြေဆိုခဲ့ကြသည်။ အတင်းအဖျင်းအပြောခံရမှုအပေါ် သတိထားမိမှု အရှိဆုံးမှာ ပြည့်တန်ဆာများဖြစ်ကြောင်း တွေ့ရှိရသည်။

ပုံ - ၁၈၊ ဖြေဆိုသူ အမျိုးအစားအလိုက် အတင်းအဖျင်းပြောခံရမှုကို သတိထားမိမှုအခြေအနေ




ပုံ - ၁၉၊ နှုတ်ဖြင့် စော်ကား၊ နှောင့်ယှက်၊ ခြိမ်းခြောက်ခံရမှုအခြေအနေ




လွန်ခဲ့သော တစ်နှစ်အတွင်း နှုတ်ဖြင့် စော်ကား၊ နှောင့်ယှက်၊ ခြိမ်းခြောက်ခံရမှု လုံးဝမရှိကြောင်း ဖြေဆိုသူ ထက်ဝက်ကျော်က ဖြေကြားခဲ့ကြပြီး အမျိုးသမီး ၂၀ % ကျော်က ၄င်းတို့သည် မကြာခဏနှုတ်ဖြင့် စော်ကားခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ခံကြရကြောင်း ဖြေကြားခဲ့ကြသည်။

ပုံ - ၂၀၊ ဖြေဆိုသူအမျိုးအစားအလိုက် နှုတ်ဖြင့် စော်ကား၊ နှောင့်ယှက်၊ ခြိမ်းခြောက်ခံရမှုအခြေအနေ




ပြည့်တန်ဆာ ၃၁%က ၄င်းတို့သည် မကြာခဏ နှုတ်ဖြင့်စော်ကား၊ နှောင့်ယှက်၊ ခြိမ်းခြောက်ခံရခြင်းများရှိကြောင်းထုတ်ဖော်ပြောဆိုခဲ့ကြသည်။

ပုံ - ၂၁၊ ကိုယ်ထိလက်ရောက်စော်ကားခံရမှု




ဖြေဆိုသူ၁၅%ကျော်မှာလွန်ခဲ့သောတစ်နှစ်အတွင်း ကိုယ်ထိလက်ရောက်စော်ကားခံခဲ့ကြရပြီး ဖြေဆိုသူ ၈၅% ကထိုကဲ့သို့ စော်ကားခံရမှုလုံးဝမရှိကြောင်း ဖြေဆိုခဲ့ကြသည်။

ပုံ - ၂၂၊ စိတ်သောကရောက်စေမှုအခြေအနေ

“သင်၏ ဇနီး/ခင်ပွန်း/လိင်ဆက်ဆံဖက်တို့မှ HIV ရောဂါပိုးရှိမှုကို အကြောင်းပြ၍ သင့်အား ဘယ်နှစ်ကြိမ်ခန့် စိတ်သောက ရောက်စေခဲ့ပါသလဲ”




ဖြေဆိုသူ ၂၀% ကျော်က HIV ရောဂါပိုးရှိမှုကို အကြောင်းပြကာ ၄င်းတို့၏ ခင်ပွန်း၊ ဇနီး၊ လိင်ဆက်ဆံဖက်တို့က ၄င်းတို့အား စိတ်သောကရောက်စေကြောင်း ဖြေဆိုခဲ့ကြသည်။

ပုံ -၂၃၊ HIV ရောဂါပိုးရှိခြင်းကြောင့် လိင်ဆက်ဆံရန် ငြင်းပယ်ခံရမှု အခြေအနေ




လိင်ဆန္ဒရှိသူ ၉၀% က HIV ရောဂါပိုးရှိခြင်းကြောင့်လွန်ခဲ့သောတစ်နှစ်အတွင်းလိင်ဆက်ဆံရန်ငြင်းပယ်ခံရမှုလုံးဝမရှိကြောင်းဖြေဆိုခဲ့သည်။



ကျား

ပုံ - ၂၄၊ မိသားစုဝင်များ၏ခွဲခြားဆက်ဆံမှုအခြေအနေ




ဖြေဆိုသူ၁၂%တွင်မိသားစုဝင်များက လွန်ခဲ့သော တစ်နှစ်အတွင်း မကြာခဏခွဲခြားဆက်ဆံလေ့ရှိကြောင်း တွေ့ရပြီး ၇၅%ကျော်က ထိုကဲ့သို့ ခွဲခြားဆက်ဆံမှုမျိုးလုံးဝမရှိကြောင်း ဖြေဆိုခဲ့ကြသည်။

## ၅။ အလုပ်အကိုင်၊ ကျန်းမာရေးနှင့် ပညာရေးအခွင့်အလမ်းများ ရရှိနိုင်မှု

ပုံ - ၂၅၊ လွန်ခဲ့သော တစ်နှစ်အတွင်း အိမ်နေရာ အတင်းအကြပ် ပြောင်းရွှေ့ရန် ဖိအားပေးခံခဲ့ရမှုနှင့် အိမ်ငှား၍မရဖြစ်ခဲ့သည့် အခြေအနေ




ဖြေဆိုသူ ၂၀% ကျော်သည် လွန်ခဲ့သော တစ်နှစ်အတွင်း အိမ်နေရာ အတင်းအကြပ် ပြောင်းရွှေ့ရန်ဖိအား ပေးခံခဲ့ရပြီး ထိုသူများအနက် ၇၀% မှာ HIV ရောဂါပိုးရှိမှုနှင့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ဆက်စပ်မှုရှိကြောင်း တွေ့ရှိခဲ့ရသည်။

ပုံ - ၂၆၊ HIV ရောဂါပိုးရှိခြင်းကြောင့် အခြားတစ်နေရာသို့ ရွှေ့ပြောင်းရန်ဖိအားပေးခံခဲ့ရမှု အခြေအနေ




လွန်ခဲ့သော တစ်နှစ်အတွင်း အခြားတစ်နေရာသို့ ရွှေ့ပြောင်းရန် ဖိအားပေးခံခဲ့ရသူများအနက် ၄၀%မှာ HIVရောဂါပိုးရှိခြင်းနှင့် တိုက်ရိုက် ဆက်စပ်နေကြောင်း တွေ့ရှိခဲ့ရသည်။

ပုံ - ၂၇၊ HIV ရောဂါပိုးရှိခြင်းကြောင့်အလုပ်လက်မဲ့ ဖြစ်ရမှုအခြေအနေ




ဖြေဆိုသူ ၄၀%မှာ HIV ရောဂါပိုး ရှိခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်ရကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ဇယား - ၂၊ အလုပ်လက်မဲ့ဖြစ်ရခြင်း အကြောင်းအရင်းများ

| အကြောင်းအရင်းများ | စုစုပေါင်း % | ကျား % | မ % |
|---|---|---|---|
| အလုပ်ရှင်သို့မဟုတ်လုပ်ဖော်ကိုင်ဖက်များမှခွဲခြားဆက်ဆံခြင်းကြောင့် | ၂၄% | ၂၄% | ၂၅% |
| ကျန်းမာရေးချို့တဲ့လာသဖြင့်မိမိဘာသာအလုပ်ထွက်သင့်သည်ဟုထင်သောကြောင့် | ၁၆% | ၁၄% | ၁၉% |
| ကျန်းမာရေးအခြေအနေ အလွန်ဆိုးရွားလာသောကြောင့် | ၁၂% | ၁၆% | ၆% |
| ခွဲခြားဆက်ဆံခံရခြင်းနှင့်ကျန်းမာရေးချို့တဲ့လာခြင်းနှစ်မျိုးစလုံးတို့ကြောင့် | ၉% | ၈% | ၁၁% |

အလုပ်အကိုင်ဆုံးရှုံးရသူများ၏ ၂၄%ကHIVရောဂါပိုးရှိခြင်းကြောင့် ၄င်းတို့အား အလုပ်ရှင် (သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်တို့က ခွဲခြားဆက်ဆံကြောင်း ပြောကြားခဲ့ပါသည်။ ဖြေဆိုသူ ၃၀%က ၄င်းတို့၏ကျန်းမာရေးအခြေအနေ ချို့တဲ့လာသဖြင့် မိမိဘာသာ အလုပ်ထွက်သင့်သည်ဟု ထင်သောကြောင့်လည်းကောင်း၊ ကျန်းမာရေးအခြေအနေ အလွန်ဆိုးရွားလာသောကြောင့်လည်းကောင်း အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း ပြောကြားခဲ့ပါသည်။

ပုံ - ၂၈၊ HIV ရောဂါပိုးရှိခြင်းကြောင့် အလုပ်ခန့်ရန် ငြင်းဆိုခံရမှု အခြေအနေ




ဖြေဆိုသူ စုစုပေါင်း၏ ၁၅%က HIVရောဂါပိုးရှိခြင်းကြောင့် ၎င်းတို့အား အလုပ်ခန့်ရန်ငြင်းဆိုခဲ့ကြကြောင်းထုတ်ဖော်ပြောဆိုခဲ့ပါသည်။

ဖြေဆိုသူအများစု (၉၀%ကျော်)က ၎င်းတို့အား HIV ရောဂါပိုးရှိသော်လည်း ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြောင်း ပြောပြကြပါသည်။

သို့သော် ဖြေဆိုသူ ၃၅%ကျော်တွင် HIV ရောဂါပိုးရှိခြင်းကြောင့် လွန်ခဲ့သော တစ်နှစ်အတွင်းမိသားစုစီမံကိန်းစောင့် ရှောက်မှုငြင်းပယ်ခံခဲ့ရကြောင်းတွေ့ရှိရ သည်။ ထို့အတူ ဖြေဆိုသူ ၂၀% ကလည်း လွန်ခဲ့သော တစ်နှစ် အတွင်း ၎င်းတို့တွင် HIV ရောဂါပိုးရှိခြင်းကြောင့် လွန်ခဲ့သော တစ်နှစ်အတွင်း လိင်နှင့် မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှု ငြင်းပယ်ခံခဲ့ရကြောင်း ဖြေကြားခဲ့သည်။

ပုံ - ၂၉၊ HIV ရောဂါပိုးရှိခြင်းကြောင့် သွားကျန်းမာရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု ငြင်းပယ်ခံရ သည့်အခြေအနေ



ပုံ - ၃၀၊ HIV ရောဂါပိုးရှိခြင်းကြောင့် မိသားစုစီမံကိန်းစောင့်ရှောက်မှုငြင်းပယ်ခံရခြင်းအခြေအနေ




ပုံ - ၃၁၊ HIV ရောဂါပိုးရှိခြင်းကြောင့် လိင်နှင့်မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု ငြင်းပယ်ခံရခြင်း အခြေအနေ






## ၆။ မိမိတစ်ဦးတည်းဖြစ်နေသောခံစားမှုနှင့် စိုးရိမ်ကြောက်လန့်မှုများ

ပုံ - ၃၂။ ဖြေဆိုသူများ၏ စိတ်ခံစားချက်အခြေအနေ

**မိမိတစ်ဦးတည်းဖြစ်နေသောခံစားမှု (ဖြေဆိုသူ၏စိတ်ခံစားချက်အမျိုးမျိုးကိုဖြေဆိုခွင့်ပြုထားသည်)**




| | ကိုယ့်ကိုယ်ကိုရှက်မိသည်။ | ကိုယ့်ကိုယ်ကိုအပြစ်ရှိသည်ဟုခံစားမိသည်။ | ကိုယ့်ကိုယ်ကို အပြစ်တင်သည်။ | အခြားသူအား အပြစ်တင်သည်။ | ကိုယ့်ကိုယ်ကိုတန်ဖိုးထားမှု နိမ့်ကျလာသည်။ | ကိုယ့်ကိုယ်ကိုအပြစ်ပေးသင့်သည်ဟု ခံစားမိသည်။ | ကိုယ့်ကိုယ်ကို သတ်သေချင်သည်။ |
|---|---|---|---|---|---|---|---|
| စုစုပေါင်း | ၆၄% | ၆၃% | ၆၅% | ၂၈% | ၈၁% | ၃၅% | ၂၅% |
| ယောက်ျားချင်း လိင်တူဆက်ဆံသူ | ၆၀% | ၆၅% | ၆၉% | ၁၄% | ၇၅% | ၄၀% | ၂၃% |
| ပြည့်တန်ဆာ | ၆၇% | ၇၂% | ၆၄% | ၁၉% | ၈၆% | ၃၃% | ၃၆% |
| မူးယစ်ဆေးထိုးသူ | ၅၆% | ၇၁% | ၇၆% | ၁၂% | ၈၅% | ၂၄% | ၂၉% |
| အခြား | ၆၅% | ၅၇% | ၆၂% | ၄၀% | ၈၀% | ၃၅% | ၂၁% |

ဖော်ပြခဲ့ပြီးသော တွေ့ရှိချက်များအရ ဖြေဆိုသူအများအပြားသည် အခြားသူများမှ ခွဲခြားဆက်ဆံခြင်း ခံခဲ့ရသူများဖြစ်ကြောင်း သိသာထင်ရှားသည့်အပြင် HIV ရောဂါပိုးရှိခြင်းကြောင့် မိမိစိတ်အတွင်း ခံစားချက်အမျိုးမျိုး ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်းတို့အနက် ၆၀%ကျော်တို့က ကိုယ့်ကိုယ်ကို ရှက်မိကြောင်းနှင့် ၃၅%ကျော်တို့က ကိုယ့်ကိုယ်ကို အပြစ်ပေးသင့်သည်ဟု ခံစားရကြောင်း ဖြေဆိုခဲ့သည်။ ထို့အပြင် ဖြေဆိုသူ ၂၅%တို့က ကိုယ့်ကိုယ်ကို သတ်သေချင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ပြည့်တန်ဆာ များအနက် ၈၅%ကျော်က ကိုယ့်ကိုယ်ကို တန်ဖိုးထားမှု နိမ့်ကျလာသည်ဟု ပြောကြားခဲ့ကြပြီး ၃၆%မှာ ကိုယ့်ကိုယ်ကို သတ်သေချင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

ပုံ - ၃၃၊ လူမှုဆက်ဆံရေးစိုးရွံ့မှု အခြေအနေ




လွန်ခဲ့သော တစ်နှစ်အတွင်း တကယ်ဖြစ်၊ မဖြစ် မသေချာသော်လည်း ဖြစ်လာမလားဟု စိုးရိမ်နေသော လူမှုဆက်ဆံရေးအခြေအနေကို မေးမြန်းခဲ့ရာတွင် ဖြေဆိုသူအားလုံး၏ ထက်ဝက်ကျော်သည် နှုတ်အားဖြင့် စော်ကားခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းခံရမည်ကို စိုးရွံ့နေကြကြောင်းတွေ့ရှိခဲ့ရသည်။ ဖြေဆိုသူ ၆၀% ကျော်က အတင်းအဖျင်းပြောခံရမည်ကို အမြဲတစေ စိုးရွံ့နေကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ ဖြေဆိုသူ သုံးပုံတစ်ပုံကျော်သည် ကိုယ်ထိလက်ရောက် စော်ကားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ခြင်းခံရမည်ကို စိုးရွံ့နေကြကြောင်း တွေ့ရှိခဲ့ရသည်။

ဇယားကွက် - ၃၊ HIV ရောဂါပိုးရှိခြင်းကြောင့် ပြုလုပ်ခဲ့သည့် ဆုံးဖြတ်ချက်များ

| HIV ရောဂါပိုးရှိခြင်းကြောင့် ပြုလုပ် ခဲ့သည့် ဆုံးဖြတ်ချက်များ | စုစုပေါင်း | အမျိုးသား | အမျိုးသမီး | ယောကျာ်းချင်း လိင်တူဆက်ဆံသူ | ပြည့်တန်ဆာ | မူးယစ်ဆေးထိုးသူ | အခြား |
|---|---|---|---|---|---|---|---|
| ကလေးနောက်ထပ်မယူတော့ရန် | ၇၀% | ၆၆% | ၇၅% | ၆၅% | ၇၈% | ၆၅% | ၇၀% |
| အိမ်ထောင်မပြုတော့ရန် | ၅၁% | ၅၁% | ၅၀% | ၆၀% | ၄၄% | ၄၄% | ၅၁% |
| မိသားစု၊မိတ်ဆွေများနှင့်ခပ်ကင်းကင်းနေရန် | ၄၀% | ၃၅% | ၄၅% | ၃၇% | ၄၈% | ၄၄% | ၃၈% |
| သာရေးနာရေးကိစ္စများ၊ပျော်ပွဲရွှင်ပွဲများတွင် မပါဝင်တော့ရန် | ၃၃% | ၂၉% | ၃၇% | ၂၉% | ၃၃% | ၃၈% | ၃၄% |
| ကျောင်း/သင်တန်းမှ ထွက်ရန် | ၃၂% | ၃၀% | ၃၃% | ၂၉% | ၃၀% | ၄၇% | ၃၀% |
| အလုပ်မလျှောက်တော့ရန်/ရာထူးတိုးမလျှောက်တော့ရန် | ၂၈% | ၂၆% | ၃၁% | ၂၂% | ၂၇% | ၃၅% | ၃၀% |
| လိင်မဆက်ဆံတော့ရန် | ၂၄% | ၁၉% | ၂၈% | ၁၇% | ၁၄% | ၂၁% | ၃၁% |
| အလုပ်ဆက်မလုပ်တော့ရန် | ၂၃% | ၁၈% | ၂၈% | ၁၈% | ၄၁% | ၂၁% | ၁၈% |
| နီးစပ်ရာဆေးခန်းသို့မသွားတော့ရန် | ၇% | ၆% | ၇% | ၆% | ၈% | ၉% | ၆% |
| ဆေးရုံသို့ မသွားတော့ရန် | ၇% | ၇% | ၇% | ၆% | ၉% | ၉% | ၆% |

ပုံ - ၃၄၊ HIV ရောဂါပိုးရှိခြင်းကြောင့် အခြားသူတစ်ဦးဦးက လိင်မဆက်ဆံချင်မည်ကို စိုးရွံ့နေရသည့် အခြေအနေ




HIVရောဂါပိုးရှိခြင်းကြောင့်လွန်ခဲ့သောတစ်နှစ်အတွင်းတစ်စုံတစ်ယောက်ကလိင်မဆက်ဆံချင်မည်ကိုစိုးရွံ့နေရမှုနှင့်ပတ်သက်၍မေးမြန်းခဲ့ရာဖြေဆိုသူအားလုံး၏တစ်ဝက်နီးပါးကထိုကဲ့သို့စိုးရွံ့နေရကြောင်းထုတ်ဖော်ပြောဆိုခဲ့ပါသည်။

## ၇။ ရပိုင်ခွင့်များ၊ ဥပဒေ၊ မူဝါဒများ

ပုံ - ၃၅၊ HIV/AIDS ရောဂါရှိသူများ၏ အခွင့်အရေးကို ကာကွယ်ပေးရန်အတွက် ကတိကဝတ် ပြုထားသော ကုလသမဂ္ဂကြေညာ စာတမ်းကို ကြားဖူးပါသလား။




အမျိုးသမီးဖြေဆိုသူများအနက် ၂%က HIV/AIDS ပတ်သက်သည့်ကတိကဝတ်ပြုထားသော ကုလသမဂ္ဂကြေညာစာတမ်းကိုကြားဖူးကြပြီး အမျိုးသားဖြေဆိုသူများတွင်လည်း ၉%သာ ကြားဖူးကြကြောင်း တွေ့ရှိခဲ့ရသည်။ ထိုကြေညာစာတမ်းကို ဖတ်ခဲ့ဖူးသူ၊ စာတမ်းပါ အချက်အလက်များကို ဆွေးနွေးခဲ့ဖူးသူ ၈ ဦးသာရှိကြောင်း တွေ့ရှိခဲ့ပါသည်။ ဖြေဆိုသူများအနက် ၁% မျှသာ HIVရောဂါပိုးရှိသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးသည့် ပြည်တွင်းဥပဒေများ၊ မူဝါဒများ၊ ညွှန်ကြားချက်များကို သတိပြုမိကြောင်း ပြောကြားခဲ့သည်။

ပုံ - ၃၆၊ HIV ရောဂါပိုးရှိခြင်းကြောင့် လွန်ခဲ့သောတစ်နှစ်အတွင်းဖြစ်ပွားခဲ့သည့်ဖြစ်ရပ်များ




ဖြေဆိုသူ ၁၀%ခန့်သည် HIV ရောဂါပိုးရှိခြင်းကြောင့် လွန်ခဲ့သောတစ်နှစ်အတွင်း ထိန်းသိမ်းခံရခြင်း စောင့်ကြပ် ကြည့်ရှုခံရခြင်း သို့မဟုတ် သီးသန့်ခွဲထားခံရခြင်းများ ရှိကြောင်း ဖြေဆိုခဲ့ပါသည်။ ဖြေဆိုသူ ရာခိုင်နှုန်းအနည်းငယ်မှာ အတင်းအဓမ္မ ဆေးစစ်၊ သွေးစစ်ခံခဲ့ရကြောင်း၊ အခြားနိုင်ငံသို့ ဝင်ရောက်ခွင့်ရရန် HIV ရောဂါပိုးရှိမှုကို ထုတ်ဖော်ပြောဆိုခဲ့ရကြောင်း တွေ့ရှိခဲ့ရပါသည်။

ပုံ - ၃၇၊ လွန်ခဲ့သောတစ်နှစ်အတွင်း HIV ရောဂါပိုးရှိခြင်းကြောင့် အခွင့်အရေးများ အလွဲသုံးစားခံရမှု အခြေအနေ




ဖြေဆိုသူအနည်းစုက သာအခွင့်အရေးများအလွဲသုံးစားခံခဲ့ရကြောင်းဖြေကြားကြပြီး တစ်ချို့သောသူများမှာ ယင်းကိစ္စများအတွက်ဥပဒေကြောင်းအရ နစ်နာကြေးရရန်ကြိုးစားခဲ့ကြသည်ကိုတွေ့ရှိရသည်။ တစ်ချို့သောသူတို့မှာမူ၎င်းတို့အတွက် အကျိုးထူးမည်မဟုတ်ဟု ထင်မြင်သောကြောင့်လည်းကောင်း၊ ခြိမ်းခြောက်ခံရမည်ကို စိုးရိမ်သောကြောင့်လည်းကောင်း ဥပဒေကြောင်းအရ နစ်နာကြေးရရန် မကြိုးစားခဲ့ပါဟု ဖြေဆိုကြသည်။

## ၈။ ပြောင်းလဲမှုအပေါ် အကျိုးသက်ရောက်မှု၊ အတားအဆီးများနှင့် ပြဿနာများ၊ ကလေးနှင့် ပတ်သက်သော အကြောင်းအရာများနှင့် ဆက်စပ်၍ တွေ့ဆုံမေးမြန်းမှုများမှ ကောက်နှုတ်ချက်များ

HIV ရောဂါပိုးရှိမှုနှင့် ပတ်သက်၍ ပြစ်တင်ရှုတ်ချခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း အပေါ်သင်ကိုယ်တိုင် (သို့မဟုတ်) အခြားသူတစ်ဦး၏ အကူအညီဖြင့် ဖြေရှင်းရန်ကြိုးစားခဲ့ဖူးပါက မည်ကဲ့သို့သောပြဿနာများကို မည်သူအကူညီဖြင့် မည်ကဲ့သို့ဖြေရှင်းခဲ့ကြောင်းဖော်ပြပါ။

***<u>မည်သည့်ပြဿနာများလဲ</u>***။

**ရှောင်ဖယ်မှု**

"ဆွေမျိုးတွေက ကျွန်မနဲ့အတူတူ ထမင်းမစားချင်ကြဘူး။ ဆပ်ပြာလည်း အတူတူမျှပြီး မသုံးချင်ကြဘူး။" (တနသ်ာရီတိုင်း)

"အမေက ကျွန်မကိုသီးသန့်စားပွဲမှာထိုင်ပြီး စားခိုင်းလို့ မကြာခဏငိုရတယ်။" (မန္တလေးတိုင်း)

"AIDS ရောဂါရှိလို့ သူဌေးက ခွဲခြားဆက်ဆံတယ်။ အပေါင်းအသင်းတွေနဲ့ဝေးသွားပြီး နောက်ဆုံးတော့ အလုပ်ထွက်ပြီး အိမ်မှာပဲ နေတော့တယ်။ အပြင်ကိုမထွက်တော့ဘူး။ " (မန္တလေးတိုင်း)

"အိမ်နီးချင်းတွေက သူတို့အိမ်နား ကပ်ခွင့်မပေးတော့ဘူး။ ကျွန်မကို မြင်ရင်သူတို့ မျက်နှာကြောတင်းလာပြီး တစ်ချို့ဆို နှာခေါင်းရှုံ့ကြတယ်။" (ရှမ်းပြည်နယ်)

"အမျိုးသားနဲ့ လိင်မဆက်ဆံချင်တော့ သူနဲ့သီးခြားစီဖြစ်လာပြီး နောက်ဆုံးတော့ တခြားအမျိုးသမီးနဲ့ ယူသွားတော့တာဘဲ။" (မန္တလေးတိုင်း)

"HIV ရောဂါပိုးရှိလို့ အလုပ်လုပ်ဖို့ ပိုက်ဆံချေးရတာခက်တယ်။" (ရှမ်းပြည်နယ်)

"၂၀၀၄-ခုနှစ်ကတည်းက သူနာပြုတစ်ဦးကလွဲလို့ ဆေးရုံကလူတိုင်းက ကျွန်မနဲ့ ကျွန်မသားကို သွေးကြောထဲ ဆေးမသွင်းပေးချင်ကြဘူး။ " (မကွေးတိုင်း)

"ကျွန်မယောကျ်ားက ကျွန်မကိုထားခဲ့တယ်။ ကျွန်မမှာ ရောဂါရှိတာ လူတွေသိသွားရင် သူတပ်ကထွက်ရမှာလေ။" (ရှမ်းပြည်နယ်)

**ကြိုတင်ဆုံးဖြတ်ထားမှုများ**

"ကျွန်မဟာ တိုင်းရင်းဆေးခန်းတစ်ဦးမှာ သားဖွားဆရာမ လုပ်ပါတယ်။ တစ်ခါတုန်းက အရာရှိတစ်ယောက်ရဲ့ ကလေးကိုမွေးပေးတုန်းက ကူညီခဲ့တယ်။ ကျွန်မဆီက ရောဂါမကူးရအောင် ကလေးကိုမထိဖို့ သေသေချာချာ သတိထားခဲ့တယ်။ ဒါပေမဲ့ ကလေးနေမကောင်းဖြစ်လာတဲ့အခါ ကလေးအဖေက ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ထူးဆန်းတဲ့မေးခွန်းတွေမေးတော့တာဘဲ။ ကျွန်တော့်ကို အများသုံးရေတွင်းမှာ ရေချိုးဖို့ခွင့်မပြုကြဘူး။ ရေခပ်ပြီးအိမ်မှာပဲ ရေချိုးရတယ်။" (စစ်ကိုင်းတိုင်း)

"ကျွန်မယောကျ်ားရဲ့ ဦးလေးက ကျွန်မခပ်ပေးတဲ့ရေကို သောက်ဖို့ငြင်းတယ်။" (ရှမ်းပြည်နယ်)

"ရောဂါပိုးရှိတာတောင် ဘာလို့မသေသေးတာလဲလို့ ကျွန်မကိုမေးတယ်။" (ရှမ်းပြည်နယ်)

"ရောဂါကူးမှာစိုးလို့ လူတွေက သူတို့ရဲ့အဝတ်တွေကို ကျွန်တော့်ကိုပေးမဝတ်ချင်တော့ဘူး။ " (မန္တလေးတိုင်း)

"လူတွေက ကျွန်မကို မကောင်းတဲ့မိန်းမ (ပြည့်တန်ဆာ)လို့ ယုံကြည်နေကြတယ်။" (တနသ်ာရီတိုင်း)

**HIV ရောဂါပိုးရှိကြောင်း ဖွင့်ဟပြောဆိုခြင်း**

"ကျွန်တော့်ရည်းစားက အိမ်နီးနားချင်းတွေကို ကျွန်တော့်မှာ HIV ရောဂါပိုးရှိနေပြီလို့ ပြောလိုက်ပြီးတဲ့ နောက်ပိုင်း ကျွန်တော့်ရဲ့ အလှပြင်ဆိုင်ကို တဖြည်းဖြည်းနဲ့ လူအလာနည်းသွားတော့တာပဲ။" (မွန်ပြည်နယ်)

"လုပ်ဖော်ကိုင်ဖက်တစ်ချို့နဲ့ သူငယ်ချင်းတွေက လူတွေကို ကျွန်မမှာ HIV ရောဂါပိုးရှိတဲ့အကြောင်း ပြောလိုက်ကြတယ်။" (မကွေးတိုင်း)

"ကျွန်မရဲ့အခြေအနေကြောင့် အလုပ်မခန့်ကြဘူး။ " (မွန်ပြည်နယ်)

"ဘာသာရေးအဖွဲ့အစည်းတစ်ခုက ကျွန်တော့်ရဲ့ HIV အဖြေကို ဖော်ထုတ်လိုက်ကြတယ်။ အဲဒီအဖွဲ့အစည်းရဲ့ ခေါင်းဆောင်က အဖွဲ့ဝင်တွေကို ကျွန်တော့်အိမ်ကို အလည်မသွားဖို့ တားမြစ်ထားတယ်။" (စစ်ကိုင်းတိုင်း)

***<u>ကိစ္စတွေဖြေရှင်းဖို့ တစ်ခြားလူတွေက ကူညီတယ်ဆိုရင် မည်သူတွေက ကူညီခဲ့သလဲ။</u>***

**ကိုယ့်အားကိုယ်ကိုးသူ**

"ဘယ်သူမှ မကူညီကြဘူး။ " (အများစု)

"ကိုယ့်ဘာသာ ရပ်တည်နေရတယ်။" (အများစု)

"ဘယ်သူ့ကိုမှ အကူအညီမတောင်းဘူး၊ ဘယ်သူမှလဲ ကူညီချင်မှာ မဟုတ်ဘူး။ " (ရှမ်းပြည်နယ်)

**မိသားစု**

"မိသားစုဝင်အားလုံးက ပံ့ပိုးကူညီကြတယ်။" (မွန်ပြည်နယ်)

**အဖွဲ့အစည်းများ**

"ကိုယ့်အားကိုယ်ကိုး အုပ်စုအဖွဲ့ဝင်တွေက ကူညီကြတယ်။" (မွန်ပြည်နယ်)

"မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကူညီတယ်။" (မွန်ပြည်နယ်)

"ကြက်ခြေနီအဖွဲ့ဝင်တွေဆီက အကြံဉာဏ်ယူတယ်။" (မွန်ပြည်နယ်)

"ကျွန်မကို ပဒုမ္မာအဖွဲ့အစည်းက ကူညီတယ်။" (မန္တလေးတိုင်း)

"HIV ရောဂါပိုးရှိသူတွေ ဘယ်လိုနေရမလဲဆိုတာ သင်တန်းတွေပေးတယ်။" (မကွေးတိုင်း)

"ဘဝတူချင်း ပညာပြန်ပေးတဲ့ သူတွေက ကူညီတယ်။" (မန္တလေးတိုင်း)

"ပြည်ကြီးခင်ရုံးမှာ အကူအညီသွားတောင်းတယ်။" (တနင်္သာရီတိုင်း)

"AZG သဇင်ဆေးခန်းက ကူညီတယ်။" (ရှမ်းပြည်နယ်)

"လားရှိုးဘုရားရှိခိုးကျောင်းက နေစရာပေးတယ်။ Care Myanmar က စားစရာပေးတယ်။" (ရှမ်းပြည်နယ်)

"HIV ရောဂါပိုးရှိသူ တစ်ချို့က ကူညီတယ်။" (ရန်ကုန်တိုင်း)

"ကူညီမှု အသင်းခေါင်းဆောင်က အထောက်အပံ့ပေးတယ်။" (မန္တလေးတိုင်း)

**အခြား HIV ရောဂါပိုးရှိသူများ**

"HIV ရောဂါပိုးရှိသူ အချင်းချင်းကူညီကြတယ်။" (မန္တလေးတိုင်း)

**<u>ပြဿနာတွေ ပြေလည်ဖို့ သင်ကိုယ်တိုင် သို့မဟုတ် အခြားသူများက မည်ကဲ့သို့ဖြေရှင်းခဲ့သလဲ။</u>**

**ရွှေ့ပြောင်းခြင်း**

"ကျွန်တော့်မှာ AIDS ရှိတာကို ငြင်းဆန်ဖို့ ကြိုးစားတယ်။ လူတွေရဲ့ ဝေဖန်မှုတွေကို ရှောင်ပြေးဖို့ အလုပ်ပြောင်းဖို့စဉ်းစားရတယ်။" (မန္တလေးတိုင်း)

"အမြဲတမ်းနေတဲ့ မြို့ကနေ မော်လမြိုင်ကို ပြောင်းလာခဲ့တယ်။" (မွန်ပြည်နယ်)

"လူတွေနဲ့ ခပ်ဝေးဝေးနေဖို့ ကြိုးစားခဲ့တယ်။" (မွန်ပြည်နယ်)

"ဘာလုပ်ရမှန်း မသိတော့ဘူး။ " (အများစု)

"မွေးရပ်မြေကို ပြန်လာခဲ့တယ်။" (ရန်ကုန်တိုင်း)

"ပြဿနာကို ဖြေရှင်းဖို့ မကြိုးစားတော့ဘဲ အဝေးကိုထွက်ပြေးခဲ့တယ်။" (အများစု)

**လေ့လာသင်ယူခြင်း**

"HIV, AIDS ဘယ်လိုကူးစက်သလဲ၊ လူနာတွေ ဘယ်လိုပြုမူနေထိုင်မလဲဆိုတာနဲ့ ART ဆေးကို မှန်မှန် ကန်ကန်သောက်ရင် ရောဂါပိုးရှိပေမဲ့ အသက်ရှည်ရှည်နေနိုင်တဲ့အကြောင်းတွေကို ကိုယ့်ဘာသာ လေ့လာ သင်ယူခဲ့တယ်။" (အများစု)

"မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဇာထိုးပန်းထိုးနည်းတွေ သင်ပေးတယ်။" (မွန်ပြည်နယ်)

"ဘဝတူ စေတနာ့ဝန်ထမ်းတွေက ကျန်းမာရေးပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်းတွေ လုပ်ပေးတယ်။" (မန္တလေးတိုင်း)

"HIV ရောဂါပိုးရှိသူတွေကို ခွဲခြားဆက်ဆံတဲ့လူတွေကို ပညာပေးဖို့ ကြိုးစားခဲ့တယ်။" (မန္တလေးတိုင်း)

"Care အဖွဲ့မှ ဦးစိန်ဝင်းက HIV ရောဂါပိုး ဘယ်လိုကူးစက်တယ်ဆိုတာ ပြောပြတယ်။ သတင်းအချက် အလက်၊ ပညာပေးခြင်းနဲ့ ဆက်သွယ်ဆောင်ရွက်ခြင်းနဲ့ ဆက်စပ်တဲ့ အထောက်အကူပြုပစ္စည်း တွေပေးတယ်။" (စစ်ကိုင်းတိုင်း)

**အကူအညီရယူခြင်း**

"ပြည်သူ့ဆေးရုံမှာ သူနာပြုဆရာမတွေက HIV ရောဂါပိုးရှိတဲ့လူနာတွေကို စောင့်ရှောက်ပေးတယ်။" (မွန်ပြည်နယ်)

"ကျွန်မအကြောင်းပြောတဲ့သူတွေကို အစ်မက ဆံပင်ဆွဲ၊ ပါးရိုက်ပစ်တယ်။" (မကွေးတိုင်း)

"ဘာသာရေးနဲ့ ကိုယ့်ကိုယ်ကို နှစ်သိမ့်ဖို့ ကြိုးစားတယ်။" (ရန်ကုန်တိုင်း)

**အောက်ပါအချက်များနှင့် ပတ်သက်- မည်သည့်ပြဿနာ အတားအဆီးများ ရှိသည်ဟု ထင်ပါသလဲ။**

------------------------------------------------------------------

“ကျွန်တော့်ကို သွေးစစ်တဲ့အခါ ဘယ်နှစ်သိမ့်ဆွေးနွေးမှုမျိုးမှ မရခဲ့ပါဘူး ၊ အဖြေကို ဒီအတိုင်းဘဲ ပြောပါတယ်။” (မွန်ပြည်နယ်)

“CD4 Count အတွက် သွေးစစ်တာ ပိုက်ဆံတော်တော်ကုန်ပါတယ်။” (မွန်ပြည်နယ်)

“လိုအပ်တဲ့သွေးစစ်ဖို့အတွက်ရန်ကုန်မြို့ကိုသွားဖို့လိုပါတယ်။သွားရေးလာရေး၊ အချိန်၊ တည်းခိုဖို့နဲ့စားသောက်ဖို့အတွက်လည်း ငွေကြေးအကုန်အကျများပါတယ်။” (တနင်္သာရီတိုင်း)

“သွေးစစ်ဖို့အတွက် အလုပ်ကနေ အချိန်မပေးနိုင်ဘူး။ ” (မန္တလေးတိုင်း )

“ကျွန်တော်သွေးစစ်ဖို့သွားရင် ကျွန်တော်ကို သိတဲ့လူတွေတွေ့မှာစိုးတယ်။” (မန္တလေးတိုင်း )

“ကျွန်တော်ခွင့်မပြုဘဲ ကျွန်တော်သွေးအဖြေကို ဆရာဝန်ကသူများတွေကို ပြောတယ်။” (တနင်္သာရီတိုင်း)

----------------------------------------------------------

“ကျွန်တော်ရည်းစားက ကျွန်တော်မှာ HIV ပိုးရှိနေပြီလို့ အိမ်နီးနားချင်းတွေကို ပြောလိုက်တဲ့နောက်ပိုင်း ကျွန်တော့်အလှပြင်ဆိုင်ကို တဖြည်းဖြည်း လူအလာနည်းသွားတော့တာဘဲ။” (မွန်ပြည်နယ်)

“ကျွန်တော်အလုပ်ပြုတ်မှာ ကြောက်တယ်။” (စစ်ကိုင်းတိုင်း)

“ကျွန်တော်အမှန်အတိုင်းပြောလိုက်ရင် အလုပ်အကိုင်အခွင့်အလမ်း နည်းသွားပါလိမ့်မယ်။ ဒါပေမဲ့ ဖုံးကွယ်ထားပြန်ရင်လည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေကနေ ဘာအကူအညီမှ ရမှာမဟုတ်တော့ဘူး။ ” (မကွေးတိုင်း)

“ပြည့်တန်ဆာအနေနဲ့တော့ ဖောက်သည်တွေ မဆုံးရှုံးအောင် ဒီအတိုင်းပဲနေရပါတယ်။” (ရှမ်းပြည်နယ်)

“ကျွန်မမှာ HIV ရောဂါပိုးရှိတယ်ဆိုတာကို ကျွန်မယောကျ်ားသိသွားရင် သူကျွန်မကို ကွာရှင်းလိမ့်မယ်။” (မွန်ပြည်နယ်)

“ကျွန်မမိသားစုနဲ့ အပြင်လူတွေသိသွားရင် ကျွန်မကို ရှောင်ဖယ်ပြီး ခွဲခြားဆက်ဆံမှာ ကြောက်လို့ သူတို့ကို မသိစေချင်ဘူး။ ” (တနင်္သာရီတိုင်း)

“ကျွန်တော့်မိသားစုကို စိတ်မပျက်စေချင်ဘူး။ ” (မကွေးတိုင်း)

“အခုလူတွေသိသွားလို့ ကျွန်တော့်ကို မလေးစားတော့ဘူး။ ကျွန်တော်အိမ်က ထွက်သွားပြီး အခုတော့ သူငယ်ချင်းအိမ်မှာ နေပါတယ်။” (မန္တလေးတိုင်း)

“ကျွန်မမှာ HIV ရောဂါပိုးရှိနေတယ်လို့ သမီးလေးကို ပြောရမှာကြောက်တယ်။” (ရှမ်းပြည်နယ်)

"ဗဟိုအမျိုးသမီးဆေးရုံမှာ စစ်ထားတဲ့ သွေးအဖြေကို ကျွန်မ **AMI** ဆီ ပြခဲ့ပါတယ်။

အမျိုးသမီးရေးရာအဖွဲ့က သွေးအဖြေကို ကျန်းမာရေးဌာနကို ပေးလိုက်တော့ လူတွေသိကုန်တော့တာပဲ။" (ရန်ကုန်တိုင်း)

HIV ရောဂါပိုးကုသမှု (ART)

**ကုန်ကျစရိတ်**

"ကျွန်တော်အတွက် ဆေးရဖို့ခက်ခဲပါတယ်။ သွားလာရေးစရိတ်ကကြီးတော့ ရှိတဲ့ပစ္စည်းတွေကို ပေါင်နှံပြီးမှ သွားရပါတယ်။ (မန္တလေးတိုင်း)

"ကျွန်တော် ART ဆေးကို ဈေးကြီးလွန်းလို့မဝယ်နိုင်ပါဘူး။ " (မွန်ပြည်နယ်)

**ရရှိနိုင်စွမ်း**

"ကျွန်တော်သွားတဲ့ဒေသတွေမှာ ဆေးမရနိုင်ပါဘူး။ ကုသမှုကတော့ သတ်မှတ်တဲ့ဒေသတွေမှာပဲ ရနိုင်ပါတယ်။" (မွန်ပြည်နယ်)

"ကျွန်မကို HIV ရောဂါပိုး ကုသမှု (ART) ရဖို့ လက်မှတ်ထိုးပေးမဲ့သူ ရှားပါတယ်။ ကျွန်မ မိဘတွေက ဆုံးသွားပြီး ညီအစ်ကိုမောင်နှမတွေကလည်း ကျွန်မနဲ့အတူ ဆေးရုံကိုမလာချင်ကြဘူး။ ကျွန်မကို လက်မှတ်ထိုးပေးမဲ့ လူကိုပဲ လက်ထပ် ခဲ့ရပါတယ်။" (ရန်ကုန်တိုင်း)

"ကျွန်မမှာ သန်းခေါင်စာရင်းနဲ့ မှတ်ပုံတင်တွေမရှိတော့ ဆေးရဖို့ခက်ခဲပါတယ်။" (မန္တလေးတိုင်း)

"ကျွန်တော်တို့မြို့မှာ ART ဆေးကိုအခမဲ့ပေးမဲ့နေရာမရှိပါဘူး။ ဆေးရဖို့အိန္ဒိယနယ်စပ်ထိ သွားရပါတယ်။" (စစ်ကိုင်းတိုင်း)

"ART ဆေးကို အခမဲ့ ဖြန့်ဝေတဲ့နေရာမရှိပါဘူး။ ဝယ်နိုင်မဲ့နေရာလဲမရှိပါဘူး။ ဘာလုပ်ရမယ်ဆို တာ မသိပါဘူး။ " (မွန်ပြည်နယ်)

**ရေရှည်တည်မြဲရေး**

"ဆေးရဲ့ဘေးထွက်ဆိုးကျိုးကိုကြောက်သလို ဆေးပေးမဲ့ အဖွဲ့ရဲ့ စိတ်ဝင်စားမှု ဆုံးရှုံးသွားမှာကိုလည်း ကြောက်တယ်။" (ရန်ကုန်တိုင်း)

"တစ်သက်လုံးဆေးသောက်ချင်ပါတယ်။ ဒါပေမဲ့ ဘယ်အဖွဲ့ကမှ တစ်ချိန်လုံးဆေးမပေးနိုင်ပါဘူး။ " (စစ်ကိုင်းတိုင်း)

**နားမလည်မှုနှင့် ချိန်ဆနေရမှု**

"ART ဆေးရဲ့ ဘေးထွက်ဆိုးကျိုးကိုကြောက်တယ်။" (တနင်္သာရီတိုင်း)

"ဒီကုသမှုက ဘာဆိုတာ ကျွန်တော်မသိပါဘူး။ " (ကွေးတိုင်း)

"နှစ်သိမ့်ဆွေးနွေးအကြံပေးသူက လူတွေကို သေသေချာချာမပြောခဲ့ပါဘူး။ ဘာကိုပြောနေတယ် ဆိုတာ နားမလည်ခဲ့လို့ ဆေးကိုအချိန်မှီ မရခဲ့ပါဘူး။ART ဆေးသောက်လိုက်ရင် ခါတိုင်းလိုအရက်မသောက်ရမှာ စိုးတယ်။" (ရခိုင်ပြည်နယ်)

"ဆေးသောက်သင့်၊ မသောက်သင့်မသေချာသေးဘူး။ " (တနင်္သာရီတိုင်း)

**အဖွဲ့အစည်းများ**

"လိုအပ်ရင် ART ဆေးကို MSF Swiss ကနေ အလွယ်တကူ ရနိုင်ပါတယ်။" (တနင်္သာရီတိုင်း)

"အခု MDM ကနေ ဆေးကိုအခမဲ့ရနေပါတယ်။ ဒါပေမဲ့ ဆေးထောက်ပံ့တာကို ရပ်လိုက်ရင် အခြေအနေ တွေဆိုးသွားနိုင်ပါတယ်။" (ရန်ကုန်တိုင်း)

**<u>ကလေးနှင့်ပတ်သက်သော အကြောင်းအရာ</u>**

**ကလေးမလိုချင်ပါ။**

"ကလေးမလိုချင်ပါ။" (အများစု)

"နောက်ထပ်အိမ်ထောင်မပြုဖို့ ဆုံးဖြတ်ပြီးတဲ့အတွက် ကလေးရမှာမဟုတ်တော့ဘူး။ " (မွန်ပြည်နယ်)

"ကလေးမွေးဖို့ ပိုက်ဆံမတတ်နိုင်လို့ ကလေးမလိုချင်တော့ဘူး။ " (တနင်္သာရီတိုင်း)

"ကျွန်မမှာ ကလေးတစ်ယောက်ရှိတယ်။ ရောဂါပိုးရှိလို့ရယ်၊ ပိုက်ဆံမလုံလောက်တဲ့အတွက်ရယ် ကလေးထပ် မယူတော့ဘူး။ " (တနင်္သာရီတိုင်း)

**ကလေးလိုချင်သော်လည်း ချိန်ဆနေရသည်။**

"ကလေးကို ရောဂါပိုးကူးစက်ခံရမှာစိုးတယ်။ ပြီးတော့ သူ့ကိုဂရုစိုက်နိုင်မှာ မဟုတ်ဘူး။ " (ရခိုင်ပြည်နယ်)

"ကလေးတစ်ယောက်တော့ လိုချင်တယ်။ ဒါပေမဲ့ ကလေးယူဖို့ကြိုးစားရင် အမျိုးသမီးနဲ့ ကလေးကို ကူးမှာ စိုးတယ်။" (ရခိုင်ပြည်နယ်)

"အမေကနေ ကလေးကို ရောဂါပိုးကူးစက်နိုင်တယ်။ ကလေးယူမယ်ဆိုရင် နှစ်သိမ့်ဆွေးနွေးမှု ခံယူသင့်တယ် လို့ ဆရာဝန်တွေကပြောတယ်။" (ရန်ကုန်တိုင်း)

"ကျွန်မကလေးလိုချင်ပေမဲ့ သူနာပြုတွေက ကလေးမယူဖို့တားကြတယ်။" (စစ်ကိုင်းတိုင်း)

"နောက်ထပ်ကလေးလိုချင်ပေမဲ့ ကျွန်မမှာ ရောဂါရှိနေပြီ။ ဒါကြောင့် ကလေးထပ်ယူဖို့ ကြောက်နေတယ်။" (ရန်ကုန်တိုင်း)

**ကလေးလိုချင်သည်**

"ကလေးတစ်ယောက်မှ မရှိသေးလို့ တစ်ယောက်လောက်တော့ လိုချင်တယ်။" (ရန်ကုန်တိုင်း)

"ဒီအလုပ် (ပြည့်တန်ဆာ) လုပ်နေစဉ်မှာတော့ ကလေးမလိုချင်ပေမဲ့ ကလေးတစ်ယောက်တော့ လိုချင်သေးတယ်။ မိသားစုလေး တစ်ခုတည်ဆောက်ချင်သေးတယ်။" (မွန်ပြည်နယ်)

## ၉။ သွေးစစ်ခြင်း/ရောဂါရှာဖွေခြင်း

ဇယား (၄) သင့်ကိုဘာကြောင့် HIV ရောဂါပိုးရှိ/မရှိ သွေးစစ်ဆေးခဲ့ရသလဲ။

| သွေးစစ်ဆေးခဲ့ရခြင်းအကြောင်းအရင်း | အမျိုးသား | အမျိုးသမီး |
|---|---|---|
| မိမိဘာသာသိချင်၍ | ၇၀% | ၆၈% |
| HIVရောဂါပိုးရှိသူဟုသံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် ညွှန်းပို့ခြင်းကြောင့် | ၆၀% | ၃၂% |
| ခင်ပွန်း၊ ဇနီး၊ လိင်ဆက်ဆံဖက်၊ မိသားစုဝင်တစ်ဦးတွင် HIV ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့သောကြောင့် | ၁၁% | ၃၆% |
| ခင်ပွန်း၊ဇနီး၊လိင်ဆက်ဆံဖက်၊ မိသားစုဝင်တစ်ဦး သေဆုံးသွားသောကြောင့် | ၆% | ၁၅% |
| ကာလသားရောဂါကုဆေးခန်းမှ ညွှန်ကြားသဖြင့် | ၆% | ၇% |
| လိင်ဆက်ဆံမှုပြုနိုင်ရန် | ၆% | ၄% |
| ကိုယ်ဝန်ဆောင်စဉ် | ၁% | ၈% |
| ဆရာဝန်မှ ကျန်းမာရေး စစ်ဆေးမှုပြုလုပ်ခိုင်းသောကြောင့် | ၅% | ၂% |
| အလုပ်ရရှိရန် | ၄% | ၂% |
| ကျန်းမာရေး ချို့တဲ့သဖြင့် | ၁% | ၃% |
| ကလေးမီးဖွားစဉ် | | ၂% |
| အာဏာပိုင်မှ သွေးစစ်ခိုင်းသဖြင့် | ၁% | ၁% |
| သူ/သူမ၏ဆွေမျိုး၊သူငယ်ချင်းများမှကျန်းမာရေးစစ်ဆေးမှုပြုလုပ်ခိုင်းသဖြင့် | ၁% | ၁% |
| လိင်အင်္ဂါတွင် ရေယုန်ပေါက်ခြင်း၊ ယားယံခြင်းကြောင့် | ၁% | ၁% |
| ပြစ်ဒဏ်ကျစဉ် သွေးစစ်ရန်လိုအပ်သဖြင့် | ၁% | |
| ခင်ပွန်းဖြစ်သူမှ လိင်အပျော်အပါးလိုက်စားပြီး ပိန်လာသဖြင့် | | ၁% |
| ပြင်ပလူနာဌာနမှ ညွှန်ကြားသဖြင့် | | ၁% |

ဖြေဆိုသူအများစုမှာ မိမိဘာသာသိချင်၍ သွေးစစ်ဆေးခဲ့ကြပြီး အမျိုးသားဖြေဆိုသူ အများအပြားမှာ HIV ရောဂါပိုးရှိသူဟု သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများတွေ့ရှိခဲ့ရသည့်အပြင် သွေးစစ်ဆေးရန် ညွှန်းပို့ခြင်းခဲ့ကြရပါသည်။ အမျိုးသမီးဖြေဆိုသူ သုံးပုံတစ်ပုံကျော်သည် ၄င်းတို့၏ခင်ပွန်း၊ လိင်ဆက်ဆံဖက်၊ မိသားစုဝင်တစ်ဦးဦးတွင် ရောဂါပိုးရှိသဖြင့် သွေးစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

ပုံ- ၃၈၊ သင့်ဆန္ဒအလျောက်သွေးစစ်ဆေးခံရန်ဆုံးဖြတ်ချက်ချခဲ့သလား။




သွေးစစ်ဆေးခံရန် မိမိဆန္ဒအလျောက်ဆုံးဖြတ်ချက်ချခဲ့သည်ဟု ဖြေဆိုသူမှာ အများစုဖြစ်ပြီး အခြား သူများမှ ဖိအားပေးသဖြင့် သွေးစစ်ခံရန် ဆုံးဖြတ်ချက်ချခဲ့ရသူမှာ ရာခိုင်နှုန်းအနည်းငယ်ရှိကြောင်း တွေ့ရှိခဲ့ရသည်။ ဖြေဆိုသူအနည်းငယ်မျှသာ အခမဲ့စေခိုင်းသဖြင့် သွေးစစ်ခဲ့ကြပါသည်။ သို့သော်မူးယစ်ဆေးထိုး သူအများစုက ၄င်းတို့သည် သွေးစစ်ဆေးပြီးမှသာ HIV ရောဂါပိုးရှိ/မရှိ စစ်ဆေးကြောင်းသိရှိခဲ့ရသည်။

ပုံ- ၃၉။ HIVရောဂါပိုးရှိ/မရှိသွေးစစ်ဆေးရာတွင်နှစ်သိမ့်ဆွေးနွေးမှုခံယူခဲ့ရသလား။




ဖြေဆိုသူအများစုမှာသွေးမစစ်ဆေးမီနှင့်သွေးစစ်ဆေးပြီးနောက်နှစ်သိမ့်ဆွေးနွေးမှုခံခဲ့ရသည်။သို့သော်ဖြေဆိုသူများအနက်၁၆%တွင် HIV ရောဂါပိုးရှိ/မရှိသွေးစစ်ဆေးရန်နှစ်သိမ့်ဆွေးနွေးပညာပေးမှုလုံးဝမရှိခဲ့ကြောင်းတွေ့ရှိခဲ့ရသည်။

## ၁၀။ ဖွင့်ဟအသိပေးခြင်းနှင့် လျှို့ဝှက်မှုကို ထိန်းသိမ်းခြင်း

ဇယားကွက် - ၅၊ ဖြေဆိုသူတွင် HIV ရောဂါပိုးရှိကြောင်း ခင်ပွန်း၊ ဇနီး၊ လိင်ဆက်ဆံဖက်တို့ကို မည်ကဲ့သို့ အသိပေးခဲ့ပါသလဲ။

| မိမိတွင် HIV ရောဂါပိုးရှိကြောင်း ခင်ပွန်း၊ ဇနီး၊ လိင်ဆက်ဆံဖက်တို့ကို မည်ကဲ့သို့ အသိပေးခဲ့ပါသလဲ။ | အမျိုးသား | အမျိုးသမီး |
|---|---|---|
| ကိုယ်တိုင်ပြောသည်။ | ၄၇% | ၅၂% |
| မိမိကခွင့်ပြု၍အခြားသူတစ်ဦးက ပြောသည်။ | ၄% | ၅% |
| မိမိကခွင့်မပြုဘဲအခြားသူတစ်ဦးကပြောသည်။ | ၄% | ၄% |
| သူတို့ မသိသေးပါ။ | ၁၈% | ၁၄% |
| မသက်ဆိုင်ပါ။ | ၂၈% | ၂၄% |

ဇယားကွက် - ၆၊ ဖြေဆိုသူတွင် HIV ရောဂါပိုးရှိကြောင်း သူငယ်ချင်းများကို မည်ကဲ့သို့ အသိပေးခဲ့ပါသလဲ။

| မိမိတွင် HIV ရောဂါပိုးရှိကြောင်း သူငယ်ချင်းများကို မည်ကဲ့သို့ အသိပေးခဲ့ပါသလဲ | အမျိုးသား | အမျိုးသမီး |
|---|---|---|
| ကိုယ်တိုင်ပြောသည်။ | ၅၀% | ၄၉% |
| မိမိကခွင့်ပြု၍ အခြားသူတစ်ဦးက ပြောသည်။ | ၂% | |
| မိမိက ခွင့်မပြုဘဲ အခြားသူတစ်ဦးက ပြောသည်။ | ၁၀% | ၈% |
| သူတို့ မသိသေးပါ။ | ၃၂% | ၃၅% |
| မသက်ဆိုင်ပါ။ | ၄% | ၇% |

လူပုဂ္ဂိုလ်အမျိုးမျိုး(ဇနီး၊ခင်ပွန်း၊လိင်ဆက်ဆံဖက်၊သူငယ်ချင်း၊HIV ရောဂါပိုးရှိသူအချင်းချင်း)ကိုမိမိတွင် HIVရောဂါပိုးရှိကြောင်းမည်ကဲ့သို့ အသိပေးခဲ့ပါသလဲဟုမေးမြန်းခဲ့ရာ ဖြေဆိုသူများကHIVရောဂါပိုးမရှိသူများထက်HIVရောဂါပိုးရှိသူအချင်းချင်းကိုပို၍ပွင့်ပွင့်လင်းလင်းဖွင့်ဟပြောဆိုကြကြောင်းတွေ့ရှိရသည်။ HIVရောဂါပိုးရှိကြောင်းဖွင့်ဟအသိပေးမှုနှင့်ပတ်သက်၍ခင်ပွန်း၊ဇနီး၊လိင်ဆက်ဆံဖက်တို့ကိုအသိပေးခြင်း၊သူငယ်ချင်းများကိုအသိပေးခြင်းနှင့် HIVရောဂါပိုးရှိသူအချင်းချင်းကိုအသိပေးခြင်းဟူ၍ခွဲခြားပြီးခြားနားမှုကိုသိသာနိုင်ရန်ဇယား(၃)ခုခွဲ၍ဖော်ပြထားပါသည်။

ဇယားကွက်-၇၊ ဖြေဆိုသူတွင် HIVရောဂါပိုးရှိကြောင်း အခြား HIVရောဂါပိုးရှိသူကို မည်ကဲ့သို့အသိပေးခဲ့ပါသလဲ။

| ဖြေဆိုသူတွင် HIV ရောဂါပိုးရှိကြောင်း အခြား HIVရောဂါပိုးရှိသူကို မည်ကဲ့သို့ အသိပေးခဲ့ပါသလဲ။ | အမျိုးသား | အမျိုးသမီး |
|---|---|---|
| ကိုယ်တိုင်ပြောသည်။ | ၈၅% | ၉၀% |
| မိမိကခွင့်ပြု၍ အခြားသူတစ်ဦးက ပြောသည်။ | ၆% | ၄% |
| မိမိက ခွင့်မပြုဘဲ အခြားသူတစ်ဦးက ပြောသည်။ | ၃% | ၂% |
| သူတို့ မသိသေးပါ။ | ၅% | ၄% |
| မသက်ဆိုင်ပါ။ | ၁% | |

ပုံ - ၄၀၊ HIV ရောဂါပိုးရှိသူအချင်းချင်း အများသို့ ဖွင့်ဟပြောဆိုရန် တိုက်တွန်းမှုအခြေအနေ




ဖြေဆိုသူအားလုံး၏ ၈၅%ကျော်က HIV ရောဂါပိုးရှိသူအချင်းချင်း (တစ်ဦးချင်း/အုပ်စုလိုက်ဆက်နွယ်ပတ်သက်သူများ) ၄င်းတို့တွင် HIV ရောဂါပိုးရှိကြောင်းအများသို့ ဖွင့်ဟပြောဆိုရန်မတိုက်တွန်းကြောင်း ဖြေဆိုခဲ့သည်။

ဇယားကွက် - ၈၊ ကျန်းမာရေးဝန်ထမ်းကျ သင့်ခွင့်ပြုချက်မယူဘဲ သင့်တွင် HIV ရောဂါပိုးရှိကြောင်း အခြားသူများကို ဖွင့်ပြောခဲ့ပါသလား။

| ကျန်းမာရေးဝန်ထမ်းက သင့်ခွင့်ပြုချက်မယူဘဲ သင့်တွင် HIVရောဂါပိုးရှိကြောင်းအခြားသူများကိုဖွင့်ပြောခဲ့ပါသလား။ | စုစုပေါင်း | အမျိုးသား | အမျိုးသမီး |
|---|---|---|---|
| ပြောသည်။ | ၁၀% | ၈% | ၁၃% |
| မပြောပါ။ | ၈၀% | ၈၂% | ၇၉% |
| မသေချာပါ။ | ၉% | ၁၁% | ၈% |

ဖြေဆိုသူများအနက် ၁၀%က ကျန်းမာရေးဝန်ထမ်းများသည် ၄င်းတို့ခွင့်မပြုဘဲHIVရောဂါပိုးရှိကြောင်းကို အခြားသူများသို့ ဖွင့်ပြောခဲ့ကြောင်း ဖြေကြားခဲ့သည်။

ပုံ - ၄၁၊ သင်၏HIV ရောဂါပိုးရှိမှုမှတ်တမ်းများကိုမည်မျှထိလျှို့ဝှက်ထားမည်ဟုသင်ထင်ပါသလဲ။




ဖြေဆိုသူအများစု(၇၀%ကျော်) က ၄င်းတို့၏ဆေးမှတ်တမ်းများကို လျှို့ဝှက်စွာသိမ်းဆည်းထားမည်ဟု လုံးဝဥသုံးယုံကြည်ကြပြီး ၂၀% ကျော်က၄င်းတို့၏ဆေးမှတ်တမ်း များ လျှို့ဝှက်ထားခြင်းရှိ/မရှိ မသိပါဟုဖြေကြားကြသည်။

ပုံ-၄၂၊ဖြေဆိုသူတွင်HIVရောဂါပိုးရှိကြောင်းသိလိုက်ရသောအခါလူအမျိုးမျိုး၏တုန့်ပြန်မှုအခြေအနေ




**သတ်မှတ်ချက်များ ။ ၁.၀ _ ဆိုးဆိုးဝါးဝါးခွဲခြားဆက်ဆံသည်၊ ၂.၀ _ခွဲခြားဆက်ဆံသည်၊ ၃.၀_ အတူတူဖြစ်သည်၊ ၄.၀_ ပံ့ပိုးမှုပြုသည်၊ ၅.၀_ သိသိသာသာပံ့ပိုးပေးသည်**

မိမိတို့တွင် HIV ရောဂါပိုးရှိကြောင်း သိလိုက်ရသောအခါ ဇနီး၊ ခင်ပွန်း၊ လိင်ဆက်ဆံဖက်၊ သူငယ်ချင်းများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ရပ်ကွက်လူကြီးများ၊ ကျန်းမာရေးလုပ်သားများနှင့် အစိုးရအရာရှိများ အစရှိသူတို့၏ ကနဦးတုန့်ပြန်မှုနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ လူအမျိုးမျိုးတွင် တုံ့ပြန်မှုအမျိုးမျိုးရှိကြောင်း တွေ့ရသည်။ ပြောင်းလဲမှုမရှိဘဲ ယခင်အတိုင်း ဆက်ဆံခြင်း များရှိသကဲ့သို့ ပံ့ပိုးကူညီခဲ့ခြင်းများလည်းရှိကြောင်း တွေ့ရှိရသည်။ ထိုသို့ HIV ရောဂါပိုးရှိမှုအပေါ် လူအများ၏ တုံ့ပြန်မှုကို သတ်မှတ်ချက် (၅)ခုခွဲကာ သတ်မှတ်ချက် (၁)ကို ဆိုးဆိုးဝါးဝါးခွဲခြားဆက်ဆံသည်ဟု အဓိပ္ပာယ်ဖွင့်ပြီး သတ်မှတ်ချက်(၅)ကို သိသိ သာသာပံ့ပိုးပေးသည်ဟု ဖွင့်ဆိုထားရာတွင် အများစုမှာ ပျှမ်းမျှအားဖြင့် သတ်မှတ်ချက် (၃)အထက်တွင် ရှိကြောင်းတွေ့ရသည်။

ပုံ - ၄၃ ၊ သင့်တွင် HIV ရောဂါပိုးရှိကြောင်း  လူအများသိအောင် ဖွင့်ပြောလိုက်ခြင်းသည် သင့်အား စိတ်အားတက်ကြွမှုဖြစ်စေခဲ့ပါသလား။




ဖြေဆိုသူ၆၀%ကျော်ကHIVရောဂါပိုးရှိကြောင်းလူအများသိအောင်ဖွင့်ပြောလိုက်ခြင်းဖြင့်စိတ်အားတက်ကြွမှုဖြစ်စေကြောင်းဖြေကြားခဲ့ကြပါသည်။

## ၁၁။ ဆေးကုသခြင်း

ပုံ - ၄၄ ၊ ဖြေဆိုသူ၏ လက်ရှိကျန်းမာရေးအခြေအနေ




လက်ရှိကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ဖြေဆိုသူအများစုက ကျန်းမာရေးကောင်းသည်ဟုထင်မြင်ကြပြီးအချို့မှာကျန်းမာရေးအခြေအနေအသင့်အတင့်မှညံ့သည်ဟုယူဆကြသည်။ဖြေဆိုသူအားလုံး၏၅%မျှသာကျန်းမာရေးအလွန်ကောင်းကြသည်ဟု ထင်မြင်ကြသည်။

ပုံ - ၄၅ ၊ လက်ရှိ ART (HIV ရောဂါပိုး ကုသမှု) ဆေးများ သောက်နေမှု အခြေအနေ




ဖြေဆိုသူအားလုံး၏၄၈%နှင့်အမျိုးသမီးဖြေဆိုသူများ၏၅၁%က၄င်းတို့သည်လက်ရှိART(HIVရောဂါပိုးကုသမှု)ဆေးများမသောက်ရသေးကြောင်းဖြေကြားကြသည်။

ပုံ - ၄၆ ၊ ယခုလက်ရှိ မသောက်ရသေးသော်လည်း ART (HIV ရောဂါပိုး ကုသမှု) ဆေးများရရှိနိုင်မှု အခြေအနေ




ဖြေဆိုသူများအနက်၄၁%သည် လက်ရှိ အနေအထားတွင် ART (HIVရောဂါပိုးကုသမှု) ဆေးများ ရရှိနိုင်မည့်အခွင့်အလမ်း မရှိသေး ကြောင်း ဖြေကြားခဲ့သည်။

ပုံ - ၄၇ ၊ ပြီးခဲ့သည့်တစ်နှစ်အတွင်း HIV ရောဂါပိုးရှိမှုနှင့် ဆက်စပ်၍ ဖြစ်ပွားလေ့ရှိသော ရောဂါများအတွက် ဆေးကုသမှု ခံယူရန် ဆွေးနွေးတိုင်ပင်ခြင်း အခြေအနေ




ဖြေဆိုသူအများစုသည်ပြီးခဲ့သည့်တစ်နှစ်အတွင်းHIVရောဂါပိုးရှိမှုနှင့်ဆက်စပ်၍ဖြစ်ပွားလေ့ရှိသောရောဂါများကာကွယ်ရန်/ကုသရန်ကျန်းမာရေးဝန်ထမ်းများနှင့်ဆွေးနွေးတိုင်ပင်ခဲ့ကြ ကြောင်းတွေ့ရသည်။သို့သော် ဖြေဆိုသူများအနက်၁၀ % ကျော်က ထိုကဲ့သို့ဆွေးနွေးတိုင်ပင်မှုမျိုးမရှိခဲ့ကြောင်းဖြေကြားခဲ့ကြသည်။

## ၁၂။ မိမိကလေးနှင့် ပတ်သက်သော အကြောင်းအရာ

ပုံ - ၄၈ ၊ သင့်တွင်ကလေးရှိပါသလား။




ဖြေဆိုသူအားလုံး၏ ၅၃% တွင် ကလေးတစ်ဦးသို့မဟုတ်တစ်ဦးထက် ပို၍ရှိကြသည်။ ပြည့်တန်ဆာများနှင့် မူးယစ်ဆေးထိုးသူများအနက် တစ်ဝက်ကျော်တွင်ကလေးရှိကြ ကြောင်းတွေ့ရှိရသည်။

ပုံ - ၄၉ ။ HIV ရောဂါပိုးရှိသော ကလေးများအခြေအနေ




ကလေးရှိသောဖြေဆိုသူများတွင် **၇၂%** ကင်္ဂင်းတို့၏ သားသမီးများအနက်အနည်းဆုံးတစ်ဦးတွင်HIVရောဂါပိုးရှိကြောင်းဖြေကြားခဲ့သည်။ကလေးရှိသောအမျိုးသမီးအားလုံး၏ ၇၇%၊ ပြည့်တန်ဆာအားလုံး၏ ၆၉% နှင့်မူးယစ်ဆေးထိုးသူအားလုံး၏ ၅၆% တွင်၎င်းတို့၏သားသမီးများအနက်အနည်းဆုံးကလေးတစ်ဦးတွင်HIVရောဂါပိုးရှိကြောင်းတွေ့ရှိရသည်။